

# အခန်း (၁)

မဟာအေးတရား မောင်းနှင်လာသော အမိုးဖွင့် ကားဖြူဖြူကလေး တစ်စီးသည် မြင့်မား မတ် စောက်သော ချောက်ကမ်းပါးထဲသို့ ထိုးကျသွားသည်။

ကစားစရာ အရုပ်ကလေးတစ်ရုပ် လွှင့်ပစ်လိုက်သလို လွင့်ခနဲ ဖြစ်သွား၏

ထိုအခြင်းအရာကို တွေ့မြင်လိုက်ရလျှင် ကားပေါ်တွင် ပါလာသူ အသက်ရှင်နေနိုင်ဖွယ် လုံဝမရှိ။

သို့သော်

ကံကောင်းထောက်မသည်မို့ ကားကလေးတစ်စီးလုံး မီးဟုန်းဟုန်းတောက်လောင် ကျွမ်းသွား သော်လည်း သေကံမရောက် သက်မပျောက်ချင်သူ တစ်ဦး ကတော့ ကားပေါ်မှ လွင့်စဉ်ကျကာ တောင်ပေါ်လမ်းမနှင့် ပေနှစ် ဆယ်ခန့်မျှ ရှိမည် ဖြစ်သော ကုန်းလျှောလျှောကလေး တစ်ခုပေါ်တွင် ကျကျန်ရစ်ခဲ့သည်။

သူသည် လှပလွန်းသော ယမင်းရုပ်ကလေး တစ်ရုပ်ကို ပစ်ချထားသကဲ့သို့ မလှုပ်မယှက် ရှိနေ ပါသည်။

သူသည် သတိမေ့ နေခြင်းပါ။

တိုက်စကတ် ဖြူဖြူ လယ်သာ ဂျက်ကက် ကလေးနှင့် ဖွေးဖွေးသန့်သန့် နုနုငယ်ငယ် မိန်းမလှကလေး။

ဦးခေါင်းလုံးလုံးကလေးတွင် ဆံပင်တိုတို ကလေးကလည်း မည်းနက်နေသည်။

မျက်ဝန်း မျက်ဖန် နှာတံ၊ နှုတ်ခမ်း၊ ဘာဆိုဘာမျှ အပြစ်မရှိအောင် လှရက်နိုင်သူကလေး၏ ကြမ္မာရေးတွင် မည် သို့ရှိလေမည် နည်း။

အချိန်များစွာ မကြာလိုက်ပါ။

ထိုဖွေးနုအိညက်၍ မှု န်နေအောင် လှနေသော မိန်းကလေး၏

မထူမပါးသန္တာရောင် နှုတ်ခမ်းကလေး တစ်စုံသည် တရွရွ လှုပ်ရှားလာပြီး ညည်းသံကလေး ထွက်လာသည်။

"အင်း....အင်း....အင်း....အင်း"

ထို့နောက် ထူထဲရှည်လျားကော့ပျံ၍ နက်ရှုန်းနေသော မျက်တောင်များ ပင့်တက်သွားကြပြီး သူ့မျက်ဝန်းညိုညိုတစ်စုံသည် အလင်းရောက်ပျောက်ချိန်ဘက်သို့ ယိုင်နေသော ကောင်းကင်ပြင်ကြီး ကို တွေ့ လိုက်ရသည်။

"ဟင်...."

သူ့ရင်ထဲ ဒိန်းကနဲ ဖြစ်သွားသည်။

သူ လူးလဲ ထ,လိုက်သည်။

ဦးခေါင်းထဲတွင် ဝေသီသွား၏ ။

သွယ်လှသော လက်ချောင်း လှလှကလေးများ ဖြင့် ဦးခေါင်းကို ကိုင်ပြီး သူ အသာထ,ကြည့်လိုက်သည်။

"အောင်မလေး"

သူ့ရင်တွေ တလှပ်လှပ် တုန်လာပြန်သည်။

အပေါ်ကို မော့ကြည့်လျှင် မိုးကောင်းကင်။

အောက်သို့ ငုံ့ကြည့်လျှင် အသူရာ ချောက်ကမ်းပါး။

သည် ချောက်ကမ်းပါးထဲတွင် အခိုးအငွေ့ တလူလူဖြင့် မီးလောင်ကျွမ်းနေသော ကားတစ်စီး။

"ဘာ ဖြစ်တာလဲ"

"ငါ ဘယ်ရောက်နေလဲ"

“ငါ ဘယ်သူလဲ”

မသိ။

ဘာမှ မသိ။

သူသည် ဘာကိုမှလည်း စဉ်းစား၍ မရတော့။

ဦးနှောက်ကိုအတင်းအလုပ်ပေးလိုက် တော့ သူ့ဦးခေါင်းထဲတွင် ရီဝေ၍ မူးနောက်လာပြန်သည်။

ဦးခေါင်းကို လက်နှစ် ဘက်ဖြင့် ညှစ်ပြီး အသာအငြိမ်ငြိမ်ကလေး နေလိုက်တော့ နေသာထိုင်သာ ရှိသွားပြန်သည်။

“ဒုက္ခ၊ ငါ ဘယ်သူလဲ၊ ဘယ်ရောက် နေတာလဲ။ ငါ့နာမည် တောင် ငါမသိတော့ဘူးဆိုတော့ ခက်ပြီ....

“ဟို အောက်ချိုင့်ကြီးထဲက ကားက ငါ့ကားလား၊ ငါ့အတွက် အထောက်အထားတစ်ခုခုများ တွေ့နိုင်လေမလား”

မိန်းကလေးသည် အသာထလိုက်ပြီး သူ့ပတ်ဝန်းကျင်တွင် အထောက်အထား သက်သေ ခံပစ္စည်းများ ကို ရှာဖွေကြည့်နေ၏ ။

ထိုသို့ ကြည့်နေရာမှ ကျောက်ကမူတွင် ကြိုး သိုင်း ဖိနပ်ဖြူဖြူကလေး ချောကန် ဖြစ်သွား၏ ။

“အောင်မယ်လေး”

ကုပ်မိ ကုပ်ရာ ကြောက်လန့်တကြား ကုပ်ထားလိုက်သည်မို့ ခြေနှစ် ဘက် လူတစ်ကိုယ်လုံး လဟာပြင်တွင် တွဲ လောင်း ကျနေ၏ ။

လက်ချောင်းကလေးဆယ်ချောင်းသည် သူ့ခန္ဓာကိုယ်ကို မည် မျှကြာကြာ ထိန်းချု ပ် ပေးထား နိုင်မည် နည်း။

အောက်တွင် လှိုတွေ မြောင်တွေ နှင့် အသုရာချောက်ကြီး။

ငုံ့ကြည့် ရဲစရာ လုံးဝမရှိ။

“ကယ်ကြပါ”

“ကျွန်မကို ကယ်ကြပါ”

အသံကုန် ဟစ်၍ အော်ကာ အကူအညီ တောင်းခံနေသည်။

အခါခါ အော်သော် လည်း ကယ်မည့် သူ ဘယ်မရှိလေသည်မို့ ဇောချွေးပြန်ကာ မောဟိုက်ပြီး မျက်လုံးများ ကို တင်းကျပ်စွာ ပိတ်ထားလိုက်သည်။

“ငါ သေတော့မယ်”

“ငါ မလွဲမသွေ သေတော့မှာ ပဲ”

ကြောက်သွေး လှန့်လာသော ကြောင့် ကမူကို ကုပ်ထားသော လက်ချောင်းကလေးများ တုန်လာသည်။

ဇောချွေးတွေ ပြန်လာသည်။

မကြာခင် ပြုတ်ကျတော့မည် ။

သေရတော့မည် မှာ မလွဲ။

“ဘုရား....ဘုရား....ဘုရားရှင် ကိုယ်တော် မြတ်ကြီး ကယ်မ,တော် မူပါ”

ဘုရားမှ တစ်ပါး ကိုးကွယ်ရာ မရှိတော့ပါကလား။

“ဟေး....ငြိမ်ငြိမ်နေ ခဏလေး တောင့်ထား....နော် တောင့်ထား”

“ဟင်”

မိန်းကလေးသည် အပေါ်သို့ မော့ကြည့်လိုက်သည်။

ရပ်တန့်ထားသော ကားတစ်စီးနှင့် လူနှစ် ယောက် ကို တွေ့ ရ၏ ။

အမျိုး သား နှစ် ယောက် ။

အားတက်သွားသည်။

ပြုတ်ကျလု ကျခင် ဖြစ်နေသော လက်ချောင်းကလေးများ သည် အားတက်မှု ကြောင့် ခိုင်မြဲခြင်း အားပြန်ဝင်လာသည်။

မျက်လုံးများ ကိုမှိတ်၍ သူ ငြိမ်သက်စွာ နေလိုက်သည်။

မကြာမီ သန်မြန်သော လက်တစ်ဘက်က သူ့ခါးသေးသေး ကျစ်ကျစ်ကလေးကို တင်းကျပ်စွာ ဖက်လာသည်။

"မင်း စိတ်ကို တင်းပြီး အသာမျှောလိုက်ခဲ့နော်၊ မင်း ဘာမှမ ဖြစ်တော့ပါဘူး၊ မင်း သိပ် မကြောက်နဲ့"

ကြည်လင် အောင်မြင်သော အသံပိုင်ရှင် တစ်ဦး၏ ကယ်တင်နေမှု ကို မိန်းကလေးသည် လိုက်ပါနေ၏ ။

"ဖိုးတိုး ဆွဲဆွဲ အေး....ဟုတ်ပြီ ဆွဲဆွဲ"

"နိုင်ဦး တောင့်ထားကွ၊ ရောက်တော့မယ်....ရောက်တော့မယ်"

အပေါ်က လူကလည်း အားပေးနေပါ၏ ။

အပေါ်က ကြိုး ကို ဆွဲတင်၍ အားပေးသူကလည်း အားပေး၊ စိတ်ဓာတ် ခိုင်မာစွာ ဖြင့် သူ့ ကိုယ်ကလေးကို မလွှတ်တမ်း ဖက်တွယ်ထားကာ ကယ်တင်နေသူ၏ လုံ့လဝီရိယကလည်း ကောင်းလွန်းလှသဖြင့် မိန်းကလေးသည် အပေါ်သို့ ချောမောစွာ ရောက်ရှိခဲ့သည်။

သေတွင်းက သီသီကလေး လွတ်မြောက်ခဲ့ရသော်လည်း တွေ့ကြုံ ခံစားခဲ့ရသော အဖြစ် အပျက်များ က ကြောက်ခမန်းလိလိ ရှိလှသော ကြောင့် အပေါ် ရောက်သည်နှင့် တစ်ပြိုင်နက် မိန်းကလေးသည် လမ်းကို မျက်နှာကလေး တစ်ခြမ်းအပ်ကာ ငြိမ်ကျသွားသည်။

“ဟေ့....ဟေ့”

မိန်းကလေး၏ ပခုံးကို ကိုင်၍ နိုင်ဦးမော်က လှုပ်ခါကာ စိုးရိမ်ကြီးစွာ ဖြင့်ခေါ်လိုက်သည်။

“ဟိုက်....သွားပြီ၊ ဘာ ဖြစ်သွားလဲ မသိဘူး တိုးလွင်”

“ဘာ ဖြစ်ရမှာ လဲကွ၊ သတိမေ့ နေတာပေါ့”

”ဟ....သတိမေ့နေမှန်း သိရက်နဲ့ အဲသလိုပဲ သစ်ငုတ်တိုကြီးလို နေနေရလား၊ လုပ်ဦးကွ တိုးလွင်၊ သေသွားရင် ဘယ်နှယ် လုပ်မလဲ”

“သူ့ ဘာသာ သူ သေသေပေါ့၊ တို့နဲ့ ဘာဆိုင်လဲ”

“ဟာ.... မင်း တယ်ရက်စက်တဲ့ ကောင်ပဲ၊ ဟေ့....ဟေ့ ဒီမှာ ဟာ....ဒုက္ခပါပဲ”

“ဒီလောက် ပူမနေနဲ့၊ မင်းဟာ မလေး မသေနိုင်ဘူး။သေတွင်းထဲကနေ ဒီပေါ်တောင် ရောက်နေပြီပဲ၊ လာ....သွားကြမယ်”

“သူ....သူကို့ကော”

လမ်းဘေးတွင် မေ့မြောနေရှာသူကလေးကို လက်ညှိုး ထိုးရင်း နိုင်ဦးက မေးလိုက်သည်။

“ထားခဲ့ပေါ့ကွ၊ တစ်ယောက် ယောက် တွေ့တော့ ခေါ်သွားလိမ့်မှာ ပေါ့၊ တို့ သူ့ကို သေတွင်းထဲ က ကယ်ပြီးခဲ့ပြီ၊ ပြီးပြီပေါ့ကွာ”

“ဟာ မင်း ဥစ္စာက မဟုတ်သေးပါဘူး တိုးလွင်ရာ....”

မသိဘူးကွာ၊ မင်း ဘာသာ မင်းဆုံးဖြတ်ပြီး လုပ်ချင်ရာ လုပ်၊ ငါ စိတ်မဝင်စားဘူး”

တိုးလွင် ဆိုသူ ဖြူဖြူသန့်သန့်နှင့် ရုပ်ရည်ချောမောသော လူရွယ်က သူ့လက်ထဲက ကြိုး စကို ပြန်ခွေ ရစ်ထားသော လင့်ရှိဗာကားလေး နောက်ခန်းတွင်

ပြန်ထည့်လိုက်သည်။

“မင်း ဆိုတဲ့ ကောင်က မိန်းမ တစ်ယောက် အပစ်ခံလိုက်ရတာ နဲ့ ကျန်တဲ့ မိန်းကလေးတွေ ကို သိမ်းကျုံး ပြီး ရန်သူလို လုပ်နေတာတော့ မကောင်းပါဘူး”

”မင်း ငါ့ကို ဘာမှ ဝေဖန်မနေနဲ့ နိုင်ဦး၊ ဒီ ကောင်မလေးနဲ့ ပတ်သက်ပြီး မင်းသဘောနဲ့ မင်း ကြိုက်တာ လုပ်နိုင်တယ်....

“ငါ ကတော့ မိန်းမဆိုရင် အကုန်လုံးကို အွန္တရာယ်ကောင်ပဲ ဖြစ်တယ်၊ အထူးသဖြင့် အဲသလို ရက်ရက်စက်စက်လှတဲ့ မိန်းမတွေ က ပိုကြောက်စရာ အကောင်းဆုံးပဲ ဒါပဲ....

“ပြီးတော့ ငါ့ အတွက် အရေး အကြီးဆုံးက အမြန်ဆုံး မန္တလေးကို ရောက်ချင်တယ်”

ပြောပြော ဆိုဆို တိုးလွင်သည် ကားရှေ့ခန်း ဒရိုင်ဘာနေရာတွင် သွားထိုင်နေလိုက်သည်။

“ဟော့....ဟော့”

“ဟင်....”

မိန်းကလေးက သူ့မေးဖျားကလေးကို ကိုင်လှုပ် နေသူကို ဖျတ်ခနဲ မျက်လုံးများ ဖွင့်ကြည့်လိုက်သည်။

သူ့ မျက်ဝန်းလှလှထဲတွင် ပြည့်နေသော မျက်ရည်များ သွန်ချလိုက်သလို ကျလာ၏ ။

နိုင်ဦးမော် အံ့အားသင့်သွား၏ ။

“ဟာ....ဘယ်လို ဖြစ်တာလဲ၊ ဘာ ဖြစ်လို့ ငိုရတာ လဲ ဟင်....”

“ဝမ်းနည်းလို့....”

"ဘယ်လို ဝမ်းနည်းတယ်၊ ဟုတ်လား....ဘာကို ဝမ်းနည်းတာလဲ...."

"သူများ ကို ဟိုလူကြီး ပြောနေတာတွေ အကုန်ကြားတယ်"

"ဟိုက်"

နိုင်ဦးမော်သည် သူ့ နောက်စေ့ကို ကိုင်ပြီး ဆတ်ခနဲ ထလိုက်သော ကောင်မလေး၏ မျက်နှာ ကိုပြူး ကျယ်သော မျက်လုံးများ ဖြင့် ကြည့်နေ၏ ။

"ရပါတယ် သူများ ကို ထားခဲ့ပါ၊ ခင်ဗျားတို့ လမ်း ခင်ဗျားတို့ သွားကြ"

ဟင့်ခနဲ ရှိုက်သံပြုပြီး မျက်နှာကို လက်ဝါးနှစ် ဘက်ဖြင့် အုပ်ကာ ချုချုပါအောင် ငိုပါလေတော့ သည်။

"ဟေ့ ကောင် မင်းကိစ္စ မပြတ်သေးဘူးလား....

"တီ....တီ....တီ....တီ"

အလွန်စိတ်တိုတတ်သော တိုးလွင်သည် အော်ငေါက်၍ မေးပြီး ကားဟွန်းကို ဆက်တိုက် တီးပစ်လိုက်သည်။

"ဟူး....ငါတော့ ဘာလုပ်ရမှန်း မသိတော့ဘူကွာ၊ မင်း ဒီလောက် မငိုပါနဲ့ကွာ၊ ငါ့ ရင်ထဲမှာ တစ် မျိုး ကြီး ဖြစ်လာလို့"

နင့်နင့်သီးသီး ငိုကြွေးနေသော မိန်းကလေးကို ကြည့်ကာ နိုင်ဦးမော်၏ ရင်ထဲတွင် မွန်းကျပ်၍ လာသည်။

ကောင်မလေးက တိုးလို့ သာ ငိုလာသည်။

တအစ်အစ် အသံကလေးများ ပင် ထွက်နေ၏ ။

မျက်နှာကို အုပ်ထားသော သူ့ လက်ချောင်းကလေးများ သည် တဆက်ဆက် တုန်နေသည်။

သူ့ ကိုယ်ကလေးလည်း လှုပ်ခါနေသည်ကဲ့သို့ သိမ့်သိမ့်တုန်နေပါ၏ ။

နိုင်ဦးမော် ဆုံးဖြတ် ချက်ချလိုက်သည်။

"တီ....တီ....တီ....တီ"

"လာပြီကွ၊ ဒီကောင်ကလဲ တစ်မျော ၄့"

ကောင်မလေး၏ နံဘေးတွင် မုဆိုးဒူးထောက် ထိုင်နေရာမှ နိုင်ဦးမော်သည် ဆက်ခနဲ ထရပ်လိုက်ပြီး ကောင်မလေးကို ချိုင်းမှ ဆွဲမ၍ ထူလိုက်သည်။

"လာ....လိုက်ခဲ့"

"ဘယ်....ဘယ်ကိုလဲ"

မျက်ရည်ရွှဲနစ်နေသော မျက်နှာလေးဖြင့် နိုင်ဦးမော်ကို ကြည့်ကာ မေးလိုက်သည်။

"တို့ သွားတဲ့ နောက်ပေါ့.... ဖြစ်လာမယ့် ပြဿ နာကိုတော့ နောက်ခါလာ နောင်ခါချေးပဲ ကြည့်ရှင်းမယ်"

သူ ဆွဲခေါ်ရာ နောက်သို့ ကောင်မလေး တရွတ်တိုက်နီးပါး ပါလာခဲ့သည်။

"ဟေ့ ကောင် နိုင်ဦး....မင်းက သူ့ကို ဘယ်အထိ ပင့်သွားမလို့လဲ...."

ရှု သိုးသိုး မျက်နှာကြီးဖြင့် တိုးလွင်က မေးလိုက်သည်။

"ရန်ကုန် အထိ"

"ဘာ...."

တိုးလွင်၏ ကိုယ်ကြီး တွန့်ခနဲ ဖြစ်သွားသည်။

"စကားရှည်မနေနဲ့ တိုးလွင်၊ မင်းကလဲ အသည်းအသန် ရန်ကုန် ပြန်ရမယ်၊ ဒီဟာမလေးကလဲ အတိတ်မေ့နေတယ်၊ ဒီအတိုင်းလဲ ပစ်ထားခဲ့ရင်း တို့ လူမဆန်ရာ ကျမယ်၊ ငါ သူကို ရန်ကုန်အထိ ခေါ် သွားဖို့ ဆုံးဖြတ်လိုက်ပြီး"

“ဒီကောင် ပြဿ  နာကို မီးထွန်းရှာနေပြန်ပြီ”

“မီးထွန်းရှာဖို့ မမှော င်သေးဘူး တိုးလွင်၊ လင်းလင်း ထင်းထင်းမှာ ပဲ သူ့ကို တွေ့လာရတာ ၊

အိုကွာ မင်း ကားကို မောင်းမှာ သာ မောင်းတော့”

တိုးလွင်က ကားကို စိတ်ဆိုး မာန်ဆိုးနှင့် စက်နှိုး၍ ဆောင့်ထွက်လိုက်သည်။

ကားရှေ့ခန်းခလယ်တွင် ထိုင်နေသော ကောင်မလေး ရှေ့သို့ ပစ်ရိုက်ဆောင့်လိုက်သလို ဖြစ် မည် ဆဲဆဲ နိုင်ဦးမော်က လျင်မြန်ဖျတ်လတ်စွာ ဆွဲထားလိုက်သည်။

“အရမ်း လုပ်ရသလားဟ သေကုန်တော့မှာ ပဲ....”

တိုးလွင်သည် မျက်နှာကြီး မှု န်ကုပ်ပြီး ကားကို မတရား မောင်းနှင်နေတော့သည်။

“ကောင်းတယ် ဆက်လုပ်၊ သုံးလောင်းပြိုင် သွားလဲ ကောင်းတာပဲ....”

နိုင်ဦးမော် ဒေါသထနေမှန်း သိတော့ တိုးလွင်သည် အရှိန်ကို အနည်းငယ် ပြန်လျှော့ချလိုက်သည်။

*

# အခန်း (၂)

မိုးလည်း စုံးစုံးချုပ်ပြီ။

ကားကလေးလည်း အတော် ခရီး ရောက်လာသည်။

ကားထဲက လူသားသုံးဦးစလုံး ကတော့ သူတို့တွင် ကိုယ်စီအတွေ းတွေ နှင့် ဆွံ့အနေကြသူများ လို ရှိနေကြသည်။

ရုတ်တရက် အန္တရာယ်တစ်ခု လမ်းပေါ်တွင် ကားမီးရောင် ဖြင့် ဘွားခနဲ တွေ့လိုက်ရသည်။

မျက်နှာတွင် အဝတ်စည်းနှောင်းထား၍ တစ်ကိုယ်လုံး အနက်ဝတ်ဆင်ထားသူ တစ်သိုက်။

ညှို့ငှက် ဓားပြများ ။

“သတိ....ရှေ့မှာ အန္တရာယ် တိုးလွင်”

“ငါ သိတယ်....”

ကောင်မလေးသည် တုန်လှုပ် ချောက်ချားစွာ ဖြင့် သူ့နံဘေးက နိုင်ဦးမော်ကို မော့ကြည့် လိုက်သည်။

“မင်း လက်စွပ် ချွတ်လိုက်”

ကောင်မလေးက လက်စွပ်ကို ချွတ်လိုက်သည်။

“ပေး....”

နိုင်ဦးမော်၏ လက်ထဲသို့ သူ့လုပ်ရပ်တွေ နားမလည်ဟန်ဖြင့် ကြည့်ရင်း အဖိုးထိုက်တန်လှ သော ပတ္တမြားလုံးချော လက်စွပ်ကြီးကို ထည့်ပေးလိုက် သည်။

နိုင်ဦးမော်က သူ့ဘောင်းဘီ ခါးကြားထဲသို့ လက်စွပ်ကို

ညှပ်ထည့်ထားလိုက်သည်။

“တိုးလွင်....ဇွတ်မတိုးနဲ့နော်၊ ရပ်ပေးလိုက် ၊ နို့မဟုတ်ရင် အားလုံး ကြွသွားလိမ့်မယ်”

“တောက်....အရေး ထဲ ကွာ”

တိုးလွင်သည် လမ်းပေါ်တွင် တားဆီးပိတ်ပစ်၍ ရပ်နေသူများ နှင့် သုံးကိုက်မျှ အကွာတွင်

ကားကို ရပ်တန့် ပေးလိုက် သည်။

ကားဆီသို့ ဝေါခနဲ ထိုလူများ ရောက်ရှိလာပြီး သူတို့သုံးဦးကို ဆွဲချလိုက်ကြသည်။

ကားပေါ်တွင် ပစ္စည်းတွေ ကိုလည်း သိမ်းကျုံး ဆွဲချလိုက်ကြသည်။

“ကဲ ပါလာတာလဲ ကုန်ပြီ၊ ကျုပ်တို့ သွားပါရစေ....”

နိုင်ဦးမော်က ပြောလိုက်သည်။

ခေါင်းဆောင် ဖြစ်သူက သူတို့နှစ် ယောက် ကြားက ယုန်သူငယ်မကလေးလို ဖြစ်နေရှာသော ကောင်မလေးကို ကြည့်ပြီး သူ့တပည့်များ ဆီသို့ ပေးဆတ် ပြလိုက်သည်။

တပည့် လိမ္မာများ က ကောင်မလေးကို ကြမ်းတမ်းစွာ ဆွဲထုတ်သွားကြသည်။

“အို....မလိုက်ဘူ....မလိုက်ဘူး၊....အွန့်....အွန့်”

ရှန်းကန် အော်ဟစ်နေသော ကောင်မလေးကို ပါးစပ်ပိတ်လိုက်သဖြင့် တအွန့်အွန့် အသံထွက် ပြီး သူတို့နောက်ပါသွား ရှာပါတော့သည်။

“ဟေ့ ကောင် နိုင်ဦးမော်”

နိုင်ဦးမော်သည် မခံမရပ် နိုင်လွန်းသဖြင့် ချုပ်ထားသူများ လက်မှ အတင်းရုန်း၍ ထွက်ဖို့ ကြိုး စားလိုက်သည်။

"မင်းတို့ အသက်ကို နမြောရင် ကိုယ့်လမ်း ကိုယ်ဆက် သွားပါ"

ခေါင်းဆောင်လုပ်သူက မခိုးမခန့် ပြောလိုက်ပြီး သူ့တပည့်များ နောက်သို့ လိုက်ပါသွားတော့ သည်။

"လာပါကွာ နိုင်ဦးမော်၊ သွားကြစို့"

"ငါမသွားဘူး တိုးလွင်"

နိုင်ဦးမော်က သူ့လက်ကို ကိုင်ထားသော တိုးလွင်၏ လက်ကို ပုတ်ချကာ ပြောလိုက်သည်။

"ဘာကွ၊ မင်းက သူတို့နောက်လိုက်ပြီး ဟီးရိုးလုပ်ပြီးတော့ ကောင်မလေးကိုများ ကယ်တင်ဦး

မလို့လား....

"ဒါ ရုပ်ရှင်ရိုက်နေတာမဟုတ်ဘူးကွ၊ ဝတ္ထုရေး နေတာလဲ မဟုတ်ဘူး၊ တစ်ခါတည်း မသာ ပေါ်မယ့်လမ်း၊ ခု သတ်မသွားပေမယ့် နှစ် ခါတော့ ကံမကောင်းနိုင်ဘူး ကိုယ့်လူ"

တိုးလွင်က မညာမတာ ပြောလိုက်သည်။

"ငါ နားလည်တာပေါ့ တိုးလွင်၊ ဒါပေမယ့် အားနွဲ့တဲ့ မိန်းမသား တစ်ယောက် ကို စွန့်လွှတ် စွန့်စား ကာကွယ် ပေးရမယ့် တာဝန် ငါတို့ ယောကျ်ားသားတွေ မှာ ရှိရမယ်"

"ဘာလဲ မင်းက ငါ့ကို ယောကျ်ားမပီသဘူး ပြောချင်လို့လား၊ အားမတန် မာန်လျှော့ရမယ်ကွ၊ မာန်လျှော့ရမယ် မင်း နားလည်လား"

"သိပ် နားလည်ပါတယ်၊ ဒီမှာ တိုးလွင် ဒီကောင်တွေ ကို ငါ မျက်ခြည် အပြတ်မခံနိုင်ဘူး၊ မင်း တစ်ယောက် တည်းပဲ ရန်ကုန် ဆက်ပြန်ပေတော့"

"ဟေ့....ဟေ့....နိုင်ဦး ဟေ့ကောင် နိုင်ဦး"

နိုင်ဦးမော်သည် သူ့ဘောင်းဘီအိတ်ထဲတွင် ညရေး ညတာ ခရီးအတွက် အသင့်ဆောင်ထား လေ့ရှိသော စပေ့ါလိုက် လက်နှိပ်ဓာတ်မီး သေးသေး ပြားပြားကလေးကို စမ်း၍ ထုတ်ယူကာ လူဆိုး များ ဆင်းသွားရာ ချောက်ထဲသို့ လိုက်ဆင်းသွားတော့သည်။

"မြန်လိုက်တဲ့ကောင်....တောက်"

တိုးလွင်သည် ဘာဘာညာညာတွေ စဉ်းစားမနေနိုင်တော့ဘဲ အချစ်ဆုံး သူငယ်ချင်း နောက် သို့ ပြေးလိုက်ခဲ့မိတော့သည်။

"ဟေ့ကောင် ခွီးမှပဲ၊ ငါ့ကို စောင့်ဦးကွ"

အတင်းမီအောင် လိုက်ရင်း တိုးလွင်က ပြောလိုက်သည်။

"အချိန် ဆွဲနေရင် မျက်ခြည် ပြတ်သွားမယ်ကွ"

မီးတုတ်ရောင် များ ပျပျသာ မြင်နေရသော နောက်သို့ တိုးလွင်နှင့် နိုင်ဦးမော်တို့ အားသွန် လိုက်ခဲ့ကြသည်။

ချုံတွေ ၊ နွယ်တွေ ၊ ဆူးတွေ ၊ ချောင့်တွေ ၊ ခလုတ်တွေ ကလည်း တစ်လမ်းလုံး ပွထ, နေသည်။

ထိမိ ခိုက်မိမိချင်းတော့ အသိ။ နောက်တော့ အသားတွေ စပ်ဖျဉ်းဖျဉ်း ဖြစ်လာကြသည်။

"ငါတို့ ယောကျ်ားတွေ တောင် တော် တော် သွားရတယ်၊ ဟို ကောင်မလေးခမျာတော့ သနားစ ရာပဲ၊ တော် ထော် ကံဆိုးတဲ့ ကောင်မလေး၊ သူ့ကြမ္မာ ဘယ်လို ဖြစ်ဦးမယ် မသိဘူး"

နိုင်ဦးမော်သည် ကောင်မလေးအတွက် တွေးကာ စိတ်မအေးနိုင်ဘဲ ရှိနေမိသည်။

တစ်ဦးနှင့် တစ်ဦး တွေ့ဆုံလိုက်ရသော အချိန်ကလေးက တိုတောင်းလွန်းလှသော်လည်း သည် ကောင်မလေး အပေါ်ရစ်ပတ် တွယ်နှောင် သွားမိသော

သံယောဇဉ်က မသေးငယ် လှကြောင်းလည်း ကိုယ့်ကိုကိုယ် သိမြင်လာသည်။

"သူတို့က တစ်အုပ်ကြီး၊ တို့က နှစ် ယောက် တည်း၊ တော် တော် တော့ စွန်းစားရလိမ့်မယ် နိုင်ဦး"

"ဟုတ်တယ်၊ အခြေအနေ ကြည့်လုပ်ရမှာ ပဲ၊ ငါ တစ်ယောက် နဲ့ သုံးယောက် လောက် မှော က် သွားအောင်တော့ အသားလေး လုပ်ပစ်နိုင်တယ်၊ ဒီနေရာမှာ တော့ ငါတို့ သင်ထားတဲ့ ပညာကို အသုံး ချရမှာ ပဲ တိုးလွင်"

"ဒါပေါ့ကွာ၊ ဓားလောက် တုတ်လောက်ဆိုလဲ မမှု ပါဘူး နိုင်ဦးရာ"

နိုင်ဦးမော်နှင့် တိုးလွင်သည် ကိုယ်ခံပညာအ ဖြစ် သင်ကြားထားသော ဂျူဒိုပညာ အားကိုးဖြင့် ကိုယ့်စိတ် ကိုယ်မာန်သွင်း ထားလိုက်ကြသည်။

မီးတုတ်များ ထွန်းထားသော တဲကလေး နှစ် လုံးဆီသို့ ရောက်ရှိသွားသော အခါ ဓားပြများ သည် မြူး တူးသံများ ပြုလိုက်ကြသည်။

တဲထဲမှ အမျိုး သမီးငယ် တစ်ဦး ပြေးထွက်လာပြီး ဓားပြခေါင်းဆောင်၏ အနီးတွင် ရပ်လိုက်သည်။

သူတို့ ဘာတွေ ပြောနေကြသည်ကိုတော့ မကြားရ။

သို့ သော် ....

တဲထဲက ထွက်လာသူ မိန်းကလေး၏ မျက်နှာအမူအရာနှင့် မျက်လုံးများ ကတော့ ဖမ်းဆီးခေါ်ဆောင်လာသော မိန်းကလေးအပေါ်တွင် း စူးရှ တင်းမာစွာ ကျရောက်နေသည်ကိုတော့ မြင်ရ၏ ။

သူသည် ရှေ့သို့ တိုးကပ်သွားပြီး ကောင်မလေး၏ လည်ပင်းမှ ဆွဲကြိုး ကို ဆွဲဆောင့်၍ ယူလိုက် သည်။

တစ်ဖန် နားကိုကိုင်သော အခါ ကောင်မလေးက သူ့လက်ကို ပုတ်ချပစ်လိုက်ပြီး သူ့နားက နား ကပ်ကို အလျင်အမြန် ဖြုတ်ကာ ပေးလိုက် သည်။

ဒါတောင် မကျေနပ်သေးဘဲ ကောင်မလေး ကိုယ်ပေါ်က လယ်သာ ဂျက်ကက်ကို ယူလိုက် ပြန် သည်။

နားကပ်နှင့် ဆွဲကြိုး စသည်တို့ကို လက်တွင် ကိုင်ကာ ကျေနပ် အားရသော အသွင်ကို ဆောင် ပြီး ထိုမိန်းကလေးသည် ဓားပြခေါင်းဆောင်ကို မော့တကြည့်ကြည့်နှင့် ဘာတွေ များ ပြောနေသည် မသိ။

ဓားပြခေါင်းဆောင်သည် သူ့ လက်ထဲက နားကပ်ကို မီးရောင် တွင် ထောင်ကြည့်ကာ ပီတိ ဖြစ်၍ အားရ ကျေနပ်နေ၏ ။

ဓားပြခေါင်းဆောင်၏ အမျိုး သမီးက သူ့လက်ကို ဆွဲကာ တဲ တစ်လုံးထဲသို့ ခေါ်ဆောင်သွား သည်။

ဓားပြခေါင်းဆောင်သည် လမ်းခုလတ်တွင် နောက်သို့ တစ်ချက် လှည့်ကြည့်ပြီး ရပ်ကာ သူ့အဖွဲ့ သားများ ကို တစ်စုံတစ်ခု ပြောခဲ့သည်။

အတိတ်မေ့နေသော ကောင်မလေးကို ချုပ်ကိုင်ထားသော ဓားပြ နှစ် ဦးက အခြား တဲ တစ်လုံး ဆီသို့ ခေါ်ဆောင်သွားပြီး လက်နှစ် ဘက်ကို နောက်သို့ ဆွဲ၍ ချည်နှောင်ကာ တဲထဲသို့ တွန်းလွှတ်လိုက်သည်။

*

ဓားပြ တစ်စုသည် နိုင်ဦးမော်တို့ ကားပေါ်မှ ဆွဲချယူငင်သွားသော အထုပ်များ ကို မီးပုံကြီး ဘေး တွင် ဖွင့်ထုတ်၍ ကြည့်ကာ အကျီတွေ ဝတ်ကြည့်လိုက်၊ ဘောင်းဘီတွေ ဝတ်ကြည့်လိုက်နှင့် အဟား ဟား တဟီးဟီး သဘော ခွေ့မဆုံး ဖြစ်နေကြ၏ ။

ပျော်မဆုံး မြူး တူးမဆုံးလည်း ရှိနေကြသည်။

နိုင်ဦးမော်နှင့် တိုးလွင်တို့သည် ကောင်မလေး ရှိနေသော တဲဆီသို့ ချွတ်နင်း၍

တိုးကပ် လာကြသည်။

ခနော်ခနဲ့ တဲ အကာကိုတွေ့ ရလျှင် ဝမ်းသာ အားရ ဖြစ်သွားပြီး မျက်နှာ တစ်ခုစာ အပေါက် ဖောက်လိုက်သည်။

"ရှူး ....တို့နှစ် ယောက် လိုက်လာတယ်၊ မင်းမကြောက်နဲ့ ကြားလား"

အသံ အုပ်အုပ်ကလေးဖြင့် နိုင်ဦးမော်က ပြောလိုက်သည်။

ကောင်မလေးသည် အသံကို ကျက်မိသဖြင့် အားရဝမ်းသာ အပေါက်ငယ်ဆီသို့ တိုးရွေ့သွား၏ ။

"သူတို့ အရက်တွေ သောက်ပြီး ပျော်နေကြတယ်"

"သိတယ်၊ ဒါ တို့အခွင့်အရေး ပဲ၊ အသာနေ....တို့ထရံခွာမယ်"

"အင်း....အင်း"

ကောင်မလေး အားတက်သွားပုံရသည်။

နိုင်ဦးမော်နှင့် တိုးလွင်တို့သည် ထရံများ ကို ရအောင်ခွာယူပြီး ပွင်းလာသော အပေါက်မှ နိုင်ဦးမော် အရင်လျှိုဝင်သွားသည်။

သူသည် ကောင်မလေး၏ လက်မှ ကြိုး ကို လျင်မြန်စွာ ဖြေပေးလိုက် သည်။

"လာ....မြန်မြန် လစ်ရအောင်...."

ကောင်မလေး၏ လက်ကိုဆွဲပြီး တဲထဲမှ လျင်မြန်စွာ ခေါ်ထုတ်ခဲ့ပါသည်။

သုံးဦးသား အသည်းအသန် ပြေးခဲ့ကြသည်။

ဓားပြများ လက်မှ လွတ်မြောက်မည် ဟုလည်း မျှော်လင့်မိကာ အားတက်သွားမိကြသည်။

နေရာဌာန မကျွမ်းမှု ကြောင့် လမ်းပျောက် နေကြသော သူတို့သုံးဦးသည်

ညဉ့်နက်လာလေ လေ မောဟိုက်လာလေလေ ဖြစ်လာကြသည်။

"ကဲ....နိုင်ဦး ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းလဲ မသိဘူး....ပြေးနေရတာ ပဲ အဖတ်တင်တယ်၊ ငါတော့ မောပြီကွာ...."

သစ်ပင်ကြီး တစ်ပင်အောက်တွင် တိုးလွင်က ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

"ဟုတ်....ဟုတ်တယ်၊ သူများ လဲ မော့....မောတယ်"

ကောင်မလေးလည်း သစ်ပင်၏ ပင်စည်ကို မှီထိုင်ကာ ရေထဲက ဆယ်ထုတ်ခြင်း ခံလိုက်ရ သော ရွှေငါးလေးကဲ့သို့ အသက်ကို ရှူရှိုက်နေရှာသည်။

"ဒီအတိုင်းပဲ မိုးလင်းတဲ့အထိ နေရတော့မှာ ပဲ"

"ဒါပဲ ရှိတော့တာပေါ့ကွာ"

တိုးလွင်က မကြည်သလို ပြောလိုက်သည်။

"ငါက ဒီကောင်တွေ လက်ထဲ ပြန်ရောက်မှာ ကြောက်တယ်...."

"ပြန်ရောက်ရင်တော့ မသာ ဖြစ်ပြီမှတ်"

"အေး မင်းက စကားကို အဆုံးပဲ....ပြောကြားလား"

"ကြားတယ်၊ ကြားတယ်၊ မင်းဘိုးအေမဟုတ်ဘူး၊ ဟိုကောင်တွေ က၊ ငါပြောတာ ဟုတ်မဟုတ် စောင့်ကြည့်ပေါ့ကွာ...."

ကောင်မလေးသည် တိတ်ဆိတ်နေသော တောကြီးမျက်မည် းထဲတွင် ညဉ့်ငှက်တို့၏ အသံကို ကြားရလေတိုင်း သွေးပျက်မတက် တုန်လှုပ်ချောက်ချားနေ၏ ။

သူသည် နောက်ဆုံးတွင် တော့ အေးစက်စက် လက်ကလေးများ ဖြင့် နိုင်ဦးမော်၏ လက်ကိုကိုင် ကာ သူ့အနားသို့ ကပ်သွား၏ ။

"မင်း သိပ်ကြောက်နေသလားဟင်"

နိုင်ဦးမော်က သူ့နား တိုးကပ်လာသူကလေးကို ညင်သာစွာ မေးလိုက်သည်။

“အင်း....”

“မကြောက်ပါနဲ့ကွာ၊ တို့ရှိပါတယ်”

အေးစက်စက်သူ့လက်ချောင်း နုနုရွရွကလေးများ ကို သူ့လက်နှစ် ဘက်ဖြင့် အုပ်မိုး ဆုပ်ကိုင် ထားရင်း နိုင်ဦးမော်က အားပေးစကား ပြောလိုက်သည်။

ကောင်မလေးထံမှ ကျိတ်၍ ရှိုက်သံထွက်လာ၏ ။

“ဟေ့....မင်းငိုနေသလား”

ကောင်မလေး၏ မျက်နှာကို သူစမ်းသပ် ကြည့်လိုက်မိသည်။

မျက်ရည်တွေ သူ့လက်ကို စိုစွတ်လာ၏ ။

“မငိုပါနဲ့ကွာ”

အကြင်နာ လွှမ်းမိုးစွာ ဖြင့် နိုင်ဦးမော်က ပြောလိုက်သည်။

*

# အခန်း (၃)

"စိတ်ညစ်တယ်၊ ကိုယ်ကို ကိုယ်ဘယ်သူမှန်းလဲ မသိဘူး၊ ဘယ်ကမှန်းလဲ မသိဘူး၊ ကိုယ့် နာမည် ကိုတောင်မှ ကိုယ်မသိတော့ဘူးဆိုတော့...."

ကောင်မလေး၏ အသံကလေး တိုးတိမ်သွားတော့သည်။

သူကလေးကို အရမ်းသနားသွားမိသော နိုင်ဦးမော်သည် သူကလေး၏ ဦးခေါင်းကို သူ့ရင်ခွင် တွင် ကပ်ထားလိုက်မိသည်။

နှစ် သိမ့်မှု ပေးလိုက် ခြင်းပါ။

"တဖြည်းဖြည်းတော့ မင်းပြန်သတိရလာမှာ ပါကွာ၊ ဒီလို အ ဖြစ်မျိုး တွေ တို့ဖတ်ဖူး၊ ကြုံဖူးပါ

တယ်၊ မင်း ဦးနှောက်ကို အနားပေးထားလိုက်ပါ။ခု တို့သုံးယောက် အတွက် အရေး ကြီးဆုံးက ဒီဓားပြတွေ လက်ထဲ ပြန်မရောက်သွားဖို့ပဲ သိထား"

သူကလေးက ဦးခေါင်းကလေး ဆက်ခနဲ ညိတ်လိုက်သည်။

"ဟုတ်တယ်....ငါ့ကို မာမီက အမြန်ပြန်လာဖို့မှာ တဲ့ကိစ္စကလဲ ဘာမှန်း မသိတော့ ဒီကောင်တွေ လက်က အမြန်လွတ်နိုင်မှ ဖြစ်မယ် နိုင်ဦး"

တိုးလွင်က ပြောလိုက်သည်။

"မင်းလဲ သိပ်စိတ်မပူပါနဲ့ကွာ၊ အန်တီ ဘေဘီခင်နဲ့ အန်ကယ် မြင့်ဦးတို့ ကျန်းမာရေး တစ်ခုခု ဖြစ် တာကြောင့် တော့ မင်းကို အမြန်ပြန်ခေါ်တာ ဟုတ်မယ် မထင်ဘူး။ တိုးလွင်၊ သူတို့က ဒေါင်ဒေါင်မြည် အောင် ကျန်းမာနေတဲ့လင်မယား၊ စီးပွားရေး ကိစ္စလား၊ ဒါမှမဟုတ် အားမနာတမ်း ပြောရရင် မင်းနမ တိုးသီရိ လင်နောက်လိုက်ပြေးတာပဲလား၊ အဲဒီ နှစ် ခုထဲက တစ်ခုခု ဖြစ်ရမယ်"

နိုင်ဦးမော်က မညာမတာ ပြောချလိုက်သည်။

“အင်း ဟုတ်တယ်၊ မင်းပြောမှ ငါလဲ စဉ်းစားမိတယ်၊ စီးပွားရေး ကိစ္စလဲ အားလုံးအဆင်ချောနေ တာပဲ၊ ဖြစ်နိုင်တာတစ်ခုပဲ ကျန်တယ်၊ ဟိုဟာမလေး ဘာဖွဲဖောက်ပြန်ပြီလဲ မသိဘူး၊တောက်.... ရှားရှားပါးပါး ညီမလေး တစ်ယောက် တည်းရှိတယ်၊မျက်စိထဲကြည့်လို့ မရပါဘူးကွာ....”

`“တိုးသီရိ ဆိုးတာ အန်တီဘေဘီခင် အထိန်းအတတ်လို့ပဲ”

“ဟုတ်တယ်၊ ဒါတော့ ငါဝန်ခံတယ်၊ မာမီက သူ့အသိုင်းအဝိုင်းမှာ သူ့သမီးဝင်ဆံ့နေတာကို သိပ် သဘောကျနေတယ်....ဒီကိစ္စအတွက် ဒယ်ဒီနဲ့ပြဿ နာ ဖြစ်ပေါင်းလဲ များ ပြီ၊ ဟူး ခက်ပါတယ်ကွာ”

တိုးလွင်သည် ဟူးခနဲ လေပူတစ်ချက် မှု တ်ထုတ်ပြီး ငြိမ်သွားသည်။

“တိုးသီရတဲ့ နာမည် လေးက လှတယ်နော်၊ သူများ ....သူများ ကျတော့ ဘာနာမည် မှန်းတောင် မသိတော့ဘူး”

ဆိတ်ငြိမ်စွာ ဖြင့် ရှိနေသော ကောင်မလေးက ဝမ်းနည်းသံကလေးဖြင့် စတင် စကားပြောလာ ပြန်၏

“လွယ်ပါတယ်၊ နာမည် အသစ် ပေးလိုက်မှာ ပေါ့ မဟုတ်ဘူးလား တိုးလွင်”

“အေး....ကောက်ရလို့ ပေးလိုက် ”

“ဟင်....နာမည် ကြီးက ဆိုးလိုက်တာ မကြိုက်ပါဘူးနော်”

“ဟုတ်သားပဲ....မင်းကလဲ”

“ဘာလဲ မင်းက ယဉ်ချောစု ထိပ်ခေါင် တင်ထွဋ်မိုးလို့များ မှည့်ပေးစေချင်လို့လား”

“အဲဒီ လူကြီးက အားကြီး စိတ်ပုပ်တယ်၊ စကားအကောင်းကိုမပြောဘူး၊ မုန်းလိုက်တာ ဟွန်း”

“အောင်မလေး ကျေးရူးတင် လိုက်တာ၊ ခင်ဗျားလေး ချစ်မှာ ကိုးပဲ၊ ကျုပ်က

ကြောက်နေတာဗျ”

“ဟွန်း ဝေးသေး စိတ်ကူးတောင် မထည့်ဘူး၊ ဒီက ဟောဒီ သူ့ကိုပဲ ခင်တယ်၊ ချစ်တယ် သိလား”

နိုင်ဦးမော်၏ ရင်ခွင်တွင် ဦးခေါင်းကလေးကို ပြန်၍ တိုးကပ် မှီခိုထားရင်း ကောင်မလေးက ပြော လိုက်သည်။

“ဟိုက်”

နိုင်ဦးမော်၏ ရင်ခုန်သံများ ကမောက်ကမ ဖြစ်သွားကြတော့သည်။

“ကိုကိုလေး”

“ဟ....ဟား....ဘယ်လို ခေါ်လိုက်တယ်”

နိုင်ဦးမော် ပီတိတွေ အရမ်း အရမ်း ဖြစ်သွားသည်။

“ကိုကိုလေးလို့ပေါ့”

“တိုးလွင်ကို ကျတော့ကော”

“ဦးစိတ်ပုပ်ကြီးလို့ ခေါ်မယ်”

“နင် ဘာခေါ်ခေါ် ငါက ဂရုမစိုက်ပါဘူး”

“ကဲပါ၊ မင်း ကလဲ ကလေးနဲ့ ဖက်ရန် ဖြစ်နေတော့တာပဲ”

“ကလေး ကလေးနဲ့ မင်း ငယ်ထိပ် အခေါက်ခံရမှာ ငါမြင်တယ်”

“အောင်မယ်၊သူများ ဒီလောက် မရိုင်းဘူး သိလား....“

“ဦးစိတ်ပုတ်ကြီးသာ ရိုင်းတာ”

နိုင်ဦးမော်က သဘောကျဟန်ဖြင့် တဟင်း ဟင်း ရယ်လိုက်သည်။

“ကိုကိုလေး”

"ဗျာ…."

နိုင်ဦးမော်၏ လက်မောင်းကို ကိုင်လှုပ်ကာဖြင့် နွဲ့ဆိုးဆိုးသော ကလေး လေးလို ပြောလိုက် သည်။

"သူများ ကို နာမည် ပေးလေ"

"နေဦး စဉ်းစားလိုက်မယ်၊ ကိုကိုလေးက နာမည် ရွေး မကျွမ်းဘူးကါ"

"ကောက်ရ မကြိုက်ရင် ကောက်ကောက်လို့ ခေါ်လိုက်၊ သူ့ကို ကောက်ရလာလို့ ကောက်ရလို့ ပေးတာ၊ အဲဒီ နာမည် သူနဲ့ အလိုက်ဆုံးပဲ၊ ဘာညာ ကွီကွတွေ ရှည်မနေနဲ့ နိုင်ဦး"

ခွစာ တိုးလွင်က ဖြတ်ပြောလိုက်သည်။

"အဟင်း….ဟင်း"

"မုန်းစရာ ကောင်းလိုက်တာ….ဟွန်း"

ကောင်မလေး ငြိမ်သက်သွားတော့သည်။

"နေဦး၊ ကောက်ကောက်ဆိုတာ ကြီး ကတော့ မကောင်းဘူး၊ ကံကောင်းလို့ ကိုကိုလေးတို့နဲ့ မင်းတွေ့ခဲ့ရတာ ဆိုတော့ မင်းကို မကံကောင်းလို့ ယာယီနာမည် ပေးလိုက်မယ်၊ ကြိုက်တယ် မဟုတ်လား"

"အင်းလေ၊ ကောက်ကောက် ဆိုတာ ထက်တော့ ကောင်းပါသေးတယ်၊ ဒီလို လုပ်လေ၊ ကောင်းကောင်းလို့ ခေါ်ပေါ့"

"ဟွန်း….ဘယ်လောက် ကောင်းမလဲ စောင့်ကြည့်ကြသေးတာပေါ့၊ ခုတောင် ကံဆိုးမသွားရာ မိုးလိုက်လို့ ရွာလို့ ငါတို့နှစ် ယောက် တောင် ခါးပြလက်ကလွတ်အောင် မနည်းပြေးနေရပြီ"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ သူများ ကိုက ကံဆိုးမပါ၊ ကိုကိုလေးတို့ ခုလို ဒုက္ခ ဖြစ်ကြရတာ သူများ ကြောင့် သူများ …."

ကောင်မလေး၏ အသံအက်ကွဲ တိုးတိမ်သွား၏ ။

"အိုကွာ....ကောင်းကောင်းကလဲ ဝမ်းနည်းမနေစမ်းပါနဲ့၊ ဒီကောင်ကြီးက ဒီလိုပဲ ပြောတတ်တဲ့ ဥစ္စာ၊ ကဲ ဒါနဲ့ ကောင်းကောင်းဆီက နားကပ်တွေ ဆွဲကြိုး တွေ ချွတ်ပြီး သူတို့ ဘာပြောနေကြတာ လဲဟင်"

"ပတ္တမြား နားကပ်နဲ့ ဆွဲသီးက သိပ် တန်ဖိုးရှိတဲ့အစားထဲကတဲ့၊ ပွတာပဲလို့ ပြောတယ်"

"ဟုတ်တယ်၊ ကောင်းကောင်း လက်ဝတ် လက်စားတွေ က ထိပ်တန်း ကျောက်အမျိုး အစားထဲ ကပဲ၊ ကောင်းကောင်းဟာ ချမ်းသာတဲ့လူရဲ့ သားသမီးပဲလို့ ကိုကိုလေး ထင်တယ်"

"ဟုတ်ချင် ဟုတ်မှာ ပေါ့လေ၊ ဒါပေမယ့် ကောင်းကောင်း စိတ်ထဲမှာ သိပ် ကြောက်နေတယ်"

"ဘာကို ကြောက်နေတာလဲ ဟင်"

"တကယ်လို့များ မိဘဆွေမျိုး တွေ ရှိနေတယ်ဆိုရင်တောင် ကောင်းကောင်း သူတို့ကို မတွေ့ ချင်ဘူး၊ ကောင်းကောင်းစိတ်ထဲမှာ တစ်ခုခုကို ကြောက်လဲကြောက်၊ ဒေါသလဲထွက်ပြီး ထွက်ပြေး လာ သလို ခံစားနေရတယ် ကိုကိုလေး"

"ဗျာ..."

"ကောင်းကောင်းကို တစ်ခု ကတိပေးပါလား ဟင်"

"ဘာ ကတိမျာလဲ ဟင် ကောင်းကောင်း"

"ကောင်းကောင်းရဲ့ အတိတ် ဖြစ်ရပ်တွေ ကို အကုန်အစင် သိမြင်လာတဲ့ နေ့အထိ ကောင်းကောင်း ကိုကိုလေးနဲ့ နေပါရစေနော်....နော် ကိုကိုလေး"

နိုင်ဦးမော်၏ လက်မောင်းကို သူ့ လက်နှစ် ဘက်ဖြင့် ဆုပ်ကိုင် လှုပ်ယမ်းကာ ကောင်မလေးက အားကိုးခြင်းကြီးစွာ ဖြင့် မေးနေ၏ ။

“တောက်တဲ့တော့ ကပ်ပြီဟေ့”

တိုးလွင်က ဝင်ဖောက်လိုက်သည်။

“ဟင်း....အမူ ပတ်လာမှာ ကြောက်တယ် ကောင်းကောင်းရယ်”

စိတ်မောဟန်ဖြင့် နိုင်ဦးမော်က တိုးညင်စွာ ပြောလိုက်သည်။

“အို....ကောင်းကောင်းအတွက် ဘယ်လို ပြဿနာမှ ဖြစ်မလာ စေရပါဘူး၊ တကယ်လို့ ဖြစ်လာရင်လဲ ကောင်းကောင်းက အမှန်အတိုင်း ဖြစ်အောင် ဖြေရှင်းမှာ ပါ....

“အခိုက်အတန့်သာ ကောင်းကောင်းကို ကူညီခိုင်းတာပါ ကိုကိုလေးရယ်၊ ကောင်းကောင်း သိပ် ကြောက်နေမိလို့ပါ ခေါင်း....ခေါင်းထဲမှာ လဲ စဉ်းစားလိုက်ရင် မူးနောက်နောက်ကြီး ဖြစ်လာတယ်၊ ကောင်းကောင်းလေ ကောင်းကောင်း....”

“ကဲပါကွာ၊ ကောင်းကောင်း စိတ်ချမ်းသာမယ်ဆိုရင် ကိုကိုလေး ကူညီပါ့မယ်”

နိုင်ဦးမော်သည် စိတ်ကို ဒုံးဒုံးချပြီး ကောင်မလေးကို အဖြေပေးလိုက်၏ ။

“ဝမ်းသာလိုက်တာ ကိုကိုလေးရယ်”

နုနုငယ်ငယ် မိန်းမလှကလေးသည် သူ့ရင်ခွင်ထဲတွင် မျက်နှာကလေး ဝှက်ကာ ကျေနပ် အား ရသွားဟန်ပြလိုက်သည်။

“ဟေ့ကောင် နိုင်ဦး မင်းတော့ ခက်ပြီ၊ မင်းလေ့မျောလဲ မဆယ်နဲ့ ခြေနှစ်ချောင်းလဲ မကယ်နဲ့ ဆိုတဲ့စကားမေ့ နေပြီလားကွ”

“အို....ဦးစိတ်ပုတ်ကြီးနဲ့ မဆိုင်ပါဘူး၊ ကောင်းကောင်းက အကူအညီ တောင်းနေတာ ကိုကိုလေးဆီကပါ၊ ကာယကံရှင် ကျေနပ်နေတဲ့ ကိစ္စကို ဝင်မဖျက်နဲ့ ဒါပဲ“

ကောင်းကောင်းက ကတ်ကတ်လန်အောင် တိုးလွင်ကို ရန်တွေ့လိုက်သည်။

“ဟ....စွာ လှချည်လား”

“စွာ မှာ ပဲ၊ ဦးစိတ်ပုပ်က စိတ်ကောင်းမှ လုံးလုံး မရှိတာကို”

နိုင်ဦးမော် ကြားဝင် ဖျန်ဖြေ လိုက်ရသည်။

"ကဲပါကွာ တော် ကြပါတော့ ဒါနဲ့ ကောင်းကောင်းကို မေးရဦးမယ်၊ ဟို ဓားပြတွေ နဲ့ နေနေတဲ့ ကောင်မလေးက ဘယ်သူလဲ"

"ဓားပြခေါင်းဆောင်က သူ့ကို နော်ဇာလို့ ခေါ်တာကြားရတယ်၊ သူ ကတော့ စကားပြောရင် ယောကျ်ားရယ်....ယောကျ်ားရယ်နဲ့၊ ကောင်းကောင်း ထင်တာတော့ ဓားပြ ခေါင်းဆောင်က နော်ဇာရဲ့ ယောကျ်ားလို့"

"အင်း....ဟုတ်မှာ ပေါ့"

"နော်ဇာ ကတော့ ကောင်းကောင်းရဲ့ နားကပ်နဲ့ ဆွဲကြိုး ကို ကြည့်ပြီး သိပ်သဘော ကျသွား တယ်၊ ယောကျ်ား ဒီတစ်ခါကြံလာတာ အချိုကြီးပဲလို့လဲ ပြောတယ်၊ ဪ ဒါနဲ့ ကောင်းကောင်းရဲ့ လက်စွပ်ကော ကိုကိုလေး"

"ရှိပါတယ်၊ ဘာ ဖြစ်လို့လဲ"

"အစကတည်းက အဖိုးတန်မှန်းသိလို့ ယူထားလိုက်တာလား ဟင်"

နိုင်ဦးမော် ရင်ထဲတွင် အောင့်ခနဲ ဖြစ်သွားသည်။

"ဟာ....အဲသလို အထင်ခံရတာ တော့ သိပ်နာတယ်ကွာ၊ တို့က စေတနာနဲ့ ယူထားလိုက်တာ"

"ကိုကိုလေး စိတ်ဆိုး သွားသလား ဟင်၊ ကောင်းကောင်း....ကောင်းကောင်း မေးနေမိတာ ခွင့် လွှတ်ပါနော်"

"မင်း အမေးကြီးက လူ့ကို အောင့်သွားတာပဲ ကောင်းကောင်း၊ ရှေ့မှာ လူဆိုးတွေ မြင်ရလို့ အတိတ်မေ့နေတဲ့ မင်းရဲ့ အလွယ်ဆုံး ချွတ်ယူနိုင်တဲ့ လက်စွပ်ကို တို့က ချွတ်ယူထားလိုက်တာ တစ်နေ့နေ့ မင်းနဲ့ပတ်သက်ပြီး သက်သေအထောက်အထား ဖြစ်ရာ ရှိအောင်လို့၊ ခြေရာခံနိုင်အောင်လို့ ကွ သိလား"

"ဘယ်သူကို ပြမှာ လဲ"

”မင်း မိဘ ဆွေမျိုး ၊ ဒါမှမဟုတ် မင်းနဲ့ ပတ်သက်နေတဲ့ သူတွေ ကိုပေါ့”

“ကောင်းကောင်း သူတို့ကိုမှ မတွေ့ချင်တာ”

“နေပါဦး၊ မင်းအတိတ် မေ့နေတယ်ဆိုတာကကော ဟုတ်ရော ဟုတ်ရဲ့ လား၊ မင်း တို့ကို လိမ့် များ နေသလား ဟင်....ကောင်းကောင်း”

နိုင်ဦးမော်က ကောင်းကောင်းကလေး၏ ပခုံးနှစ် ဘက်ကို ခပ်တင်းတင်းကလေးဆုပ်ကိုင်ကာ အသံမာဆတ်ဆတ်ကြီးဖြင့် မေးလိုက်သည်။

အမှန်တကယ်လဲ နိုင်ဦးမော် ဒေါကန်သွားမိသည်။

“အို....ကိုကိုလေးရယ်....ကောင်းကောင်း....ကောင်းကောင်း တကယ့်ကို အတိတ်မေ့နေတာပါ ရှင်၊ မယုံရင် ကောင်းကောင်း တို့ လုံခြုံ စိတ်ချရတဲ့ နေရာ ရောက်ရင် ကိုကိုလေးတို့ ဆရာဝန် ပြကြည့် ကြပါ”

ကောင်းကောင်း၏ အသံကလေးသည် သနားဖွယ်ရာ ဖြစ်၍ နေ၏ ။

နိုင်ဦးမော် သည် ခါးကြားတွင် ဘောင်းဘီနှင့် ခါးပတ်ကြားတွင် ညှပ်ထားသော လက်စွပ်ကို ဒေါနှင့် မောနှင့် ထုတ်ယူ၍ ကောင်းကောင်း ၏ လက်ထဲသို့ ဆောင့်ထည့်ပေးလိုက် သည်။

“ဟင့်အင်း....ဟင့်အင်း....ကောင်းကောင်း မယူဘူး၊ ကောင်းကောင်း မယူချင်ပါဘူး ကိုကိုလေး ရယ်၊ ပြောမှာ း ဆိုမှာ ရှိမိခဲ့တာကို ခွင့်....ခွင့် လွှတ်ပါ၊ အဟင့်....ဟင့်....ဟင့်”

ကောင်းကောင်းက အကြောက်အကန်ငြင်းရင်း ငိုပါလေတော့သည်။

မိန်းမ မျက်ရည်သည် ကျောက်ဆောင် ကျောက်သားကို အရေပျော်စေသည် မပျော်စေသည် ကိုတော့ မသိ၊ နိုင်ဦးမော်၏ နှလုံးသားကိုတော့ အရည် တောက်တောက်ကျအောင် ပျော်သွားစေတော့ သည်။

သူကလဲ အလျှော့ ပေးလိုက် မိသည်။

“ကဲပါလေ ငိုမနေပါနဲ့ တော့”

“ငါကောင်တော့ ဘယ်ဘဝက ဝဋ်ပါလာသလဲ မသိဘူး၊ အဟင်း....ဟင်း....ကမ္ဘဝါဖတ်တောင် ထွက်မပြေးမယ့် နာနာဘာဝမကလေးနဲ့ တွေ့ နေပြီ၊ အဟင်း....ဟင်း....သဘောကျတယ်ကွာ၊ သဘော ကျတယ်”

“ကြည့်စမ်း....ကြည့်စမ်း....သူ....သူများ ကို နာနာဘာဝမလေးတဲ့၊ ကိုကိုလေး ဘာမှ မပြော တော့ဘူးလား”

ကောင်းကောင်း တစ်ယောက် ဆတ်ဆတ်ထိ မခံနိုင်အောင် ဖြစ်သွားတော့သည်။

“ကဲပါ ကောင်းကောင်းရယ်....အချေအတင်တွေ ပြောနေရင် ဒီည ဘယ်သူမှ နားကြရတော့မှာ မဟုတ်ဘူး၊ တစ်မှေးလောက် ရအောင် အိပ်လိုက်၊ ပုပုလေး အလင်းထွက်လာတာနဲ့ ကိုကိုလေးတို့ ဒီက အမြန်ဆုံး လစ်ပြေးကြရမှာ “”

ကောင်းကောင်းသည် စကား နာခံသော ကလေးငယ်တစ်ဦးကဲ့သို့ နိုင်ဦးမော်၏ လက်မောင်း တွင် ဦးခေါင်းကလေးကို ဖိကပ်ကာ မှီထားလိုက်သည်။

မကြာမီ ကောင်းကောင်းထံမှ အသက်ရှူသံ မှန်မှန် ကလေး ထွက်လာသည်။

ကောင်းကောင်း ကောင်းမွန် နစ် ခြိုက်စွာ အိပ်မောကျနေလေပြီ။

နိုင်ဦးမော်သည် ကောင်းကောင်း ပို၍ သက်သော င့်သက်သာ အိပ်နိုင်ရန်အတွက် စေတနာတွေ တထောကြီးဖြင့် သူ့ ရင်ခွင်တွင် ဦးခေါင်းကလေးကို ကပ်မှီပေးလိုက်သည်။သူတို့နှင့် လက်တစ်ကမ်း အကွာတွင် ရှိသော တိုးလွင်သည်လည်း နတ်ခင်းသည့် စက်မွေ့ရာပေါ် ရောက်နေသည့်အလား ဟောက်သံကြီးများ ပင် ထွက်အောင် အိပ်မောကျနေ၏ ။

နိုင်ဦးမော် တစ်ယောက် တည်း အမှော င်နှင့် မည် းမည် းထဲသို့ တောင်ကြည့် မြောက်ကြည့်နှင့် အချိန်အတော် ကြာအောင် အိပ်မရဘဲ ရှိနေသည်။

သူသည် သန့်ရှင်းသော စိတ်ဖြင့် သူ့ရင်ခွင်ထဲက မိန်းကလေးကို ပွေ့ပိုက်ထားရင်း မိန်းကလေး ၏ အကြောင်းများ ကို စဉ်းစားကြည့်နေမိသည်။

ထိုစဉ်....မိန်းကလေး၏ ကိုယ်တွင် ဆွတ်ဖျန်းထားသော အကောင်းစား အဖိုးတင် ရေမွှေးနံ့တို့ သည် သူ့နှာခေါင်းထဲသို့ တိုးဝင်၍ လာနေ၏ ။

ထို ရေမွှေးနံ့ကို ယခုမှပဲ နိုင်ဦးမော် ရှုရှိုက်နေမိမှန်း သတိထားမိလာသည်။

သည်အမွှေးနံ့တွေ က သူ့စိတ်ကို ရုတ်တရက် ဖောက်ပြန် ထွေပြားလာစေသည်။

မိန်းကလေး၏ အိညက်နေသော ပါးအိုးမို့မို့ကလေးဆီသို့ သူ့မျက်နှာကြီး ငုံ့ခနဲ ကျသွား၏ ။

သို့ သော် ...ထိလုထိပါး ကာလကလေးမှာ ရပ်တန့် သွားပါသည်။

"ဟာ...မဟုတ်သေးဘူး၊ မဟုတ်သေးဘူး၊ သူ့ခမျာ ငါ့ကို အားကိုးရာတာ၊ သူ့အပေါ်မှာ ငါဟာ ယောကျာ်းကောင်း၊ ယောကျာ်းမြတ် ဖြစ်ရင် စိတ်ဓာတ် စင်ကြယ်အောင် ထားနိုင်ရမယ်၊ အိုကွာ.... ထားကို ထားရမယ်....ထားရမယ်"

နိုင်ဦးမော်၏ ဦးခေါင်းသည် မတ်ခနဲ ပြန်ထောင်သွားသည်။

အသိတရားက သူ့ကို အချိန်မီ ချွန်းအုပ်လိုက်ခြင်းပင်။

*

# အခန်း (၄)

"အဟား....ဟား....အဟား....ဟား....ဟား"

"ဟီး....ဟီး....ဟီး....ဟီး"

ကြောက်မက်ဖွယ်ရာ ရယ်သံကြီးများသည် တောလုံးတုန်သွားစေ၏ ။

ထိုအသံသည် နိုင်ဦးမော်တို့ သုံးဦးကိုလည်း ထိတ်လန့်ခြောက်ခြားမှု ဖြစ်စေကာ အိပ်ရာမှ ရုတ်တရက် လန့်နိုးလာစေသည်။

"အာ"

"ဟင်"

"အို"

မီးတုတ်ရောင် များ ၏ စူးရှမှု ကို အခံနိုင်လွန်း၍ မျက်စိကလေး အတင်းမှိတ်ကာ ကောင်းကောင်း သည် သူ့ကိုတင်းကျပ်စွာ ယောင်၍ ဖက်ထားနေသော နိုင်ဦးမော်၏ ရင်ခွင်တွင် းသို့ ဝှက်ထားလိုက်သည်။

ကြောက်ရွာလွန်း၍ သူ့ကိုယ်ကလေး တဆက်ဆက်တုန်လာသည်။

ညစ်ထေးနေသော သွားကြီးများ ဖြီး၍ ခါးထောက်ကာ ရယ်မောနေသော ဓားပြခေါင်းဆောင် သည် မညာမတာ ကြမ်းတမ်းစွာ ပင် နိုင်ဦးမော်၏ ရင်ခွင်ထဲမှ ကောင်းကောင်းကို ဆွဲထုတ် သွားပါတော့ သည်။

"အို....ကိုကိုလေး၊ ကယ်....ကယ်ပါဦး၊ အဟင့်....ဟင့် ဟီး"

ယက်ကန်ယက်ကန်ဖြင့် ဓားပြခေါင်းဆောင်နောက် ပါသွားရှာသော ကောင်းကောင်း၏ နှုတ်မှ ကယ်ပါယူပါ တစာစာ ဟစ်အော်နေသံသည် ရင်နင့်ဖွယ်ရာ။

ကျန်ဓားပြများ က နိုင်ဦးမော်နှင့် တိုးလွင်ကို ခြေဖြင့် ကျောက်၊ တုတ်ဖြင့် ရိုက်ကာ

အပြတ်ရှင်း တော့မည့် အသွင်များ ပြလာသည်။

တိုးလွင်နှင့် နိုင်ဦးမော်လည်း အသားလွတ်တော့ အသေမခံနိုင်ကြသော ကြောင့် တတ်သိ အကျွမ်းဝင်ထားသော ကိုယ်ခံဂျူဒိုပညာကို အသုံးချကာ ဓားပြများ နှင့် တိုက်ခိုက်မှု စတင်လိုက်တော့ သည်။

တုတ်ဓား လက်နက်ခဲယမ်းမီးပေါက်လေးများ ၊ သေနတ်များ ကို ကိုင်ဆောင်ထားပြီး အကျဉ်း သမား နှစ် ယောက် ကို လျော့ပေါ့တွက်ထားမိကြသော ဓားပြများ သည် ရုတ်တရက် ထိုးစစ်ဆင်လာ သော ရန်သူ၏ တိုက်ကွက်ကြောင့် အီး....အား....အိုး သံစုံတွေ မြည် ကာ အတုံးအရုန်း မြေပေါ်တွင် မှော က်ကုန်ကြတော့သည်။

ဓားပြခေါင်းဆောင်လည်း နောက်က မရှုမလှ ဖြစ်နေသော သူ့လူများ ၏ အခြေအနေကိုတွေ့ရ လျှင် သူ့လက်ထဲက ချွန်မြ၍ ငွေရောင် တလက်လက် တောက်ပနေသော ဓားဖြင့် ကောင်းကောင်း၏ လည်တိုင်ဖွေးဖွေးဥဥကလေးကို ထောက်လိုက်သည်။

ဓားဦးချွန်ကလေးသည် ကောင်းကောင်း၏ လည်တိုင်သားတွင် စူးနစ်၍ ဖောက်ဝင်လုမတတ် ရှိ နေချေ၏ ။

ကောင်းကောင်းကို အသည်းခိုက်အောင် နာကျင်နေစေသည်။

“အား....အား....အား”

ကောင်းကောင်းခမျာ နာရှာလွန်း၍ တအင်းအင်း ညည်းရင်း မျက်ဝန်းထဲမှ မျက်ရည်တွေ ပိုးပိုး ပေါက်ပေါက် ကျလာနေ၏ ။

“မင်းတို့ ကောင်မလေး မသေစေချင်ရင် ရပ်လိုက်”

ခေါင်းဆောင်၏ အသံသည် ပီပြင် ပြတ်သားစွာ ထွက်ပေါ်လာသည်။

အ ဖြစ်ဆိုးနေသော ကောင်းကောင်းကိုကြည့်ပြီး ပြင်းနေသော စိတ်ကို ချုံး နှိမ်ကာ သူတို့ကို လက်မြှော က်အရှုံးပေးဖို့ နိုင်ဦးမော်တို့နှစ် ယောက် ဆုံးဖြတ် လိုက်ကြသည်။

"အေး....ဒီလိုမှပေါ့၊ မင်းတို့လက်တွေ ခေါင်းပေါ်မြှောက်ပြီး ရပ်လိုက်ကြ၊ အေး....ဟုတ်ပြီကွ"

"ဆရာလုံ....ဘာ ဖြစ်လို့ ဒီနှစ် ကောင်ကို ထားနေမလဲ၊ တခါတည်း အပြတ်ရှင်းပစ်လိုက်ပါလား"

"ဟုတ်တယ်....ဟုတ်တယ်၊ ဒီကောင် နှစ် ကောင်ကို မသာလုပ်ပစ်လိုက်မှ အေးမှာ "

"မဟုတ်သေးဘူး တပည့်တို့ရ၊ ဒီနှစ် ကောင်ရဲ့ ထိုးကွက် တိုက်ကွက်တွေ က မင်းတို့ လက်နက် အမျိုး မျိုး ကိုင်ထားတဲ့ ကောင်တွေ မရှုမလှ ခံလိုက်ရအောင် လုပ်နိုင်ခဲ့တယ်မဟုတ်လား၊ အဟင်း.... ဟင်း....ဟင်း....

"ငါ တစ်ခု အကြံ ပေါ်လာတယ်၊ ဒီကောင်တွေ ကို အကျဉ်းသားအ ဖြစ် ခေါ်သွားပြီး သူတို့ဆီက ပညာတွေ မင်းတို့ကို တတ်အောင် သင်ခိုင်းမယ်"

"ဟာ....ဆရာလုံကလဲ မြွေပွေး ခါးပိုက် မပိုက်ချင်ပါနဲ့ "

မလိုလားသူ တပည့်တစ်ဦးက ဝင်ပြောလိုက်သည်။

"ငါက မြွေပွေးကိုမှ ခါးပိုက် ပိုက်ရမှ ကျေနပ်တဲ့ကောင်မျိုး ဆိုတာ မင်းတို့ သိပါတယ်လေ၊ အဟင်း....ဟင်း....ဟင်း၊ ကဲ....တုတ်ကြိုးနဲ့ ဘိုထောင် သူတို့ကို လက်နောက်ပြန်ကြိုး တုတ်လိုက်ကြ"

"ဟေ့ ကောင်တွေ တို့ကို သတ်ပစ်လိုက်၊ တို့ တတ်ထားတဲ့ ပညာ မင်းတို့ကို သင်မပေးနိုင်ဘူး၊ မင်းတို့လို သူခိုး ဓားပြတွေ ဒီပညာ တတ်သွားရင် ပြည်သူလူထုပဲ နစ်နာမယ်....

"မကျေနပ်ရင် သတ်ပစ်လိုက်ကွ၊ ရတယ် သေရမှာ မကြောက်ဘူး၊ နားလည်လား ထွီ...."

တိုးလွင်သည် အကြီးအကျယ် ဒေါကန်ပြီး အတင်းရုန်းကန်ရင်းက

ပြောလိုက်သည်။

“သိပါတယ်၊ မင်းတို့ သတ္တိ မသေးလှဘူးဆိုတာ သိပါတယ်၊ ဒါကြောင့် မသတ်ချင်သေးတာပါ၊ ဟော့ကောင်တွေ ခေါ်ခဲ့ကြ”

အမိန့်ပေးပြီး ခေါင်းဆောင်သည် ရှေ့က ထွက်သွား၏ ။

သူ ဆွဲခေါ်ရာနောက်သို့ ကောင်းကောင်းခမျာ တရွတ်တိုက် ပါသွားရှာသည်။

တစ်နေရာ အရောက်တွင် တော့ ကောင်းကောင်း၏ ကိုယ်ကလေးရှေ့သို့ ထိုးကျသွားသည်။

နိုင်ဦးမော်သည် မကြည့်ရက်လွန်းသဖြင့် မျက်စိကို တင်းကျပ်စွာ မှိတ်ထားလိုက်သည်။

မခံချင်စိတ်ကြောင့် သူ၏ မေးကြောကြီးများ တင်းမာ၍ မျက်နှာကြီး ခက်ထန်နေ၏ ။

မိန်းမတွေ ကို စိတ်နာ၍ မိန်းမ မုန်းသော တိုးလွင်ပင်လျှင် ကောင်းကောင်းကလေးအပေါ် ကြင်နာ သနားစိတ်များ ယိုဖိတ်လာပြီး ချုပ်နှောင်ထားနေမှု များ ကို အတင်း ရုန်းကန်လိုက်သည်။

အားမတန့်ပါ။

အများ နှင့် နစ် ယောက် ။

အဘက်ဘက်က ကြည့်လျှင် သူတို့ အသာချည်သာ။

“ငြိမ်ငြိမ်လိုက်နော်၊ စိတ်မရှည်ရင် ကွဲသွားမယ်၊ ဘာမှတ်သလဲ....”

အံတကြိတ်ကြိတ်နှင့် နစ် ဦးသား ခံပြင်းစိတ်တွေ ကို ချုပ်တီးကာ သူတို့ ဆွဲခေါ်ရာ နောက်သို့ ပါခဲ့ကြရသည်။

မကြာမီ ဓားပြများ စခန်းချရာနေရာဆီသို့ ပြန်ရောက်ခဲ့ကြသည်။

တဲတစ်လုံးထဲမှ နော်ဇာ ပြေးဆင်းလာသည်။

ဆံပင်တွေ ကပိုကရိုနှင့် မသေမသပ်။ အိပ်ရာမှထလာသော် လည်း နော်ဇာ၏ အလှက မှေးမှိန် မသွားခဲ့ပါ။

သဘာဝ အနေအထားတွင် တအားလှ၍ နေပါသည်။

သို့သော် လှပနေသော နော်ဇာ၏ မျက်နှာပေါ်တွင် သူ့မျက်ဝန်း တစ်စုံသည် အရောင် လက် လက်ထ,၍ ကြောက်စရာ ကောင်းနေ၏ ။

နော်ဇာက လှသည်။

သို့သော် ....

ကြမ်းသည်။

"ဒါက ဘာသဘောနဲ့ ပြန်ခေါ်လာရပြန်တာလဲ ကိုလုံ"

` နော်ဇာက မားပြခေါင်းဆောင်၏ ရှေ့တွင် ခါးနက်ဘက်ကို တင်းတင်းထောက်၍ ခပ်ဆတ် ဆတ် မေးလိုက်သည်။

` နှုတ်ခမ်းမွှေး ပါးမြိုင်မွှေးတွေ နဲ့ပေမယ့် အသားတဝင်းဝင်းနှင့် ကြည့်ကောင်းသော မားပြခေါင်း ဆောင်သည် နော်ဇာ့ကို မျက်နှာချိုသွေးလိုက်သည်။

"ကိုလုံတို့ အဖွဲ့သားတွေ အတွက် မတတ်သေးတဲ့ ပညာတွေ ဟိုကောင်တွေ ဆီက သင်ပေးချင် လို့ ပြန်ခေါ်လာခဲ့တာပါ နော်ဇာ"

"ဟွန်း....မသိရင် ခက်မယ်၊ နော်ဇာ့ကို ဘယ်လို မိန်းမစားမျိုး မှတ်သလဲ ကိုလုံ၊ ဖောက်လွဲ ဖောက်ပြန် လုပ်လို့ ကတော့ အသက်ချင်း လဲပစ်လိုက်မယ် သိလား....

"လွှတ်လိုက်၊ သူ့ကို နော်ဇာ့ မျက်စိ အောက်မှာ ပဲ ထားမယ်"

နော်ဇာသည် မညာမတာပင် ကောင်းကောင်း၏ လက်တစ်ဘက်ကို ဆောင့်ဆွဲ၍ ယူလိုက်သည်။

"အ...."

ကောင်းကောင်းခမျာ အနာပေါ် အနာ ထပ်ရပြန်လေသည်။

"ဒါကြောင့် ဆရာလုံကို ပြောတာ၊ နော်ဇာနဲ့ မ ဖြစ်ပါဘူးလို့...."

တပည့် တစ်ယောက် က ဆရာလုံနားသို့ ကပ်၍ ပြောလိုက်သည်။

"ယောကျ်ားဉာဏ်နဲ့ မိန်းမဉာဏ် ဘယ်သူ သာမလဲကွာ၊
စောင့်ကြည့်ကြသေးတာပေါ့ အဟင်း ဟင်း ဟင်း...."

"ဆရာလုံ"

"ဘာလဲ ဘိုထောင်"

"ဒီနစ် ကောင်ကို ဘယ်လို လုပ်မလဲ"

ဘိုထောင်က နိုင်ဦးမော်တို့ နစ် ဦးထံ မေးငေ့ါပြရင်း မေးလိုက်သည်။

"မင်း ဦးဆောင်ပြီး ငတောက်တို့အဖွဲ့နဲ့ ကြပ်မတ်ပြီး
ကြည့်ထားလိုက်....ထွက်ပြေးရင်တော့ မင်းတို့နာပြီမှတ်...."

မားပြ ခေါင်းဆောင်သည် အမိန့်ပေးပြီး နော်ဇာနှင့် သူ အတူနေသော တဲဆီသို့
ထွက်ခွာသွားတော့သည်။

*

နော်ဇာ ကတော့ အခြား တဲတစ်လုံးဆီသို့ ကောင်းကောင်းကို ခေါ်သွားသည်။

"ဖြည်းဖြည်းလုပ်ပါ၊ ဒီမှာ လက်တွေ နာနေပြီ....ဟင့်....ဟင့်....ဟင့်...."

ကောင်းကောင်းသည် သနားဖွယ်ရာ တောင်းပန်ရင်း တဟင့်ဟင့် ငိုရှိုက်နေ၏ ။

"ညည်းလေးက သိပ်ငယ် သိပ်နုပြီး သိပ်လှနေတော့ ငါ့ယောကျ်ားက သိပ်မျက်စိကျနေတယ်၊ ငါကလဲ အဲဒါကို နည်းနည်း မှ မခံနိုင်ဘူး"

"ကောင်းကောင်း ကြောက်တယ်၊ သူ့ကို ကောင်းကောင်း သိပ် ကြောက်တယ်၊ ကောင်းကောင်း အနားကို သူ မလာအောင် ထိန်းပေးပါနော်....နော် မမနော်ဇာ"

နော်ဇာသည် နုနုငယ်ငယ် မိန်းမလှကလေး၏ မျက်နှာကို စေ့စေ့ကြည့်နေရင်းက ဦးနှောက်ကို ပူထူသွားအောင် အလုပ်ပေးလိုက် သည်။

"ငါ့မျက်စိရှေ့မှာ တော့ ညည်းလေး အနားကို သူ လုံးဝမကပ်နိုင်စေရဘူး၊ အင်း....ညည်းလေး တို့ သုံးယောက် စလုံးကို ငါကိစ္စပြတ် သတ်ပဲ ပစ်ရမလား....

"ဒါမှမဟုတ် လွတ်ရာ လွတ်ကြောင်း ဖန်တီးပေးရမလား၊ ဒီလိုမှ တစ်ခုခု မလုပ်ရင်တော့ ငါနဲ့ ကိုလုံ ပြဿ နာတက်မှာ သေချာတယ်...."

နော်ဇာက လေးနက်စွာ တွေ းတောနေဟန် ပြုရင်းပြောလိုက်သည်။

"အို...."

ကောင်းကောင်းသည် တုန်လှုပ် ထိတ်လန့်စွာ ဖြင့် မျက်နှာကြောတင်းမာနေသော နော့်ဇာ မျက်နှာကို ကြည့်လိုက်သည်။

"ကိုကိုလေးနဲ့ ဦးစိတ်ပုပ်ကိုတော့ မ.....မသတ်ပါနဲပ မမ နော်ဇာရယ်၊ ကောင်းကောင်းကိုသာ သတ်ရင်း သတ်ပစ်လိုက်ပါ...."

"ကောင်းကောင်း တောင်းပန်ပါတယ်၊ နော်....နော် မမနော်ဇာ"

"အေး....အဓိကက ညည်းလေးပဲ၊ ညည်းလေးကို ကိုလုံက မျက်စိကျနေတာ"

ကောင်းကောင်းသည် ကြမ်းပြင်ပေါ်တွင် မျက်နှာကလေးအပ်ကာ ငြိမ်ကျသွားသည်။

"ဒီအတိုင်းဆိုရင် ငါ့ အသက် အတွက်ပါ အန္တရာယ် ရှိနေပြီပဲ၊

ဟုတ်တယ်....ဦးစိတ်ပုပ် ပြော တာ ဟုတ်တယ်၊ ငါက ကံဆိုးမ,ပဲ တကယ့်ကို ကံဆိုးမ ပါပဲလား....”

ကောင်းကောင်း တစ်ယောက် ကြောက်ရွံ့ ဝမ်းနည်းမဆုံး ဖြစ်နေသည်။

“နော်ဇာ....နော်ဇာရေ လာပါဦးကွ”

နော်ဇာကို ခေါ်သံ ထွက်ပေါ်လာသည်။

“ညည်းလေး ထွက်မပြေးနဲ့နော်....ထွက်ပြေးရင် ဒီလိုပဲ ပြန်မိမှာ ပဲ....ဒီမှာ ကောင်းကောင်း နေခဲ့”

“ဟုတ်....ဟုတ်ကဲ့”

နော်ဇာသည် သူ့ယောကျ်ား ရှိရာ တဲဆီသို့ အပြေးကလေး ထွက်ခွာသွားသည်။

ကျားရေ အခင်းကြီးပေါ်တွင် လက်ဝါး နှစ် ဘက်ကို ခေါင်းအုံး၍ စိုးလုံက ပက်လက် အိပ်နေ၏ ။

“ဘာလဲ ကိုလုံ....”

နော်ဇာက စူးစူးရဲရဲ ကြည့်၍ ခပ်ဆတ်ဆတ် မေးလိုက်သည်။

“လာစမ်းပါဦး မိန်းမရာ....ကိုယ်ဆာတယ် တစ်ခုခု လုပ်ပေးဦး”

နော်ဇာ မျက်နှာ အနည်းငယ် ပျော့ပျောင်းသွားသည်။

နော်ဇာက အုပ်ဆိုင်းထားသော အိုးခွက်များ ထဲမှ စားသောက်ဖွယ်ရာများကို ထုတ်ယူ၍ စိုးလုံ၏ အနီးသို့ ယူဆောင်လာသည်။

“အရက်လဲ ပေးဦး”

“သိပါတယ်....”

“အဟင်း....ဟင်း....ဟင်း၊ ဒါကြောင့် ငါ့ မိန်းမကို ချစ်ရတာ ....”

"အဟင်း....ကိုလုံ....ကိုလုံ၊ ရှင် ဘာတွေ ကြံနေတယ်ဆိုတာ နော်ဇာ မသိရင် ခက်သွားမယ် သိလား၊ နော်ဇာ အတန်တန်ပြောထားရဲ့ သားနဲ့ ဒီကောင်မလေးကို ပြန်ဖမ်း ခေါ်လာတာ"

"ဩော်....နော်ဇာရယ်၊ ဟို နှစ် ကောင်ကို ထိန်းဖို့က ဒီကောင်မလေး ရှိဖို့ လိုနေလို့ပါကွာ.... သူတို့ တတ်ထားတဲ့ ကိုယ်ခံပညာတွေ က ခါးလုံ လက်နက်ကိုင်စရာ မလိုဘူး....

"ဒွေးဦးတို့၊ စိုင်းထွန်း တို့ ခံလာခဲ့ရတာ တွေ့တယ်မို့လား၊ ကိုလုံက ကိုကို့ လူတွေ ကို ပညာ တိုး စေချင်လို့ပါ"

"ဟုတ်ပါပြီ....ဟုတ်ပါပြီ၊ ဒီက နော်ဇာကလဲ ရှင့်ခြေလှမ်းတွေ ကို မျက်စိ ထောက်ထောက်ကြည့် နေမှာ ပါနော်"

နော်ဇာက "နေနှင့် ဦးပေါ့" ဟူသော အကြည့်မျိုး ဖြင့် ခင်ပွန်းသည်ကို ကြည့်ကာ ပြောလိုက် သည်။

"ဟာ မိန်းမကလဲ ကွာ....မယုံသေးဘူးလား၊ ကိုလုံအတွက် နော်ဇာက လွဲရင် မိန်းမမှန်သမျှဖွဲ နဲ့ ဆန်ကွဲချည်းပဲဗျ၊ အဟင်း....ဟင်း....ဟင်း"

နော်ဇာ့ကို သူ့ ရင်ခွင်ထဲသို့ ဆွဲသွင်းရင်း စိုးလုံက ကလူကျီစယ်လိုက်သည်။

*

## အခန်း (၅)

"ဆရာလုံတော့ နော်ဇာကို ဘာတွေ ကြံနေပြီလဲ မသိဘူး...."

လက် ခြေ တို့တွင် တုပ်နှောင်ခြင်း ခံထားရသော နိုင်ဦးမော်တို့နှစ် ဦး အနီးတွင် စောင့်ကြည့်နေ သော ဓားပြ တစ်ယောက် က အခြား တစ်ယောက် ကို ပြောလိုက်သည်။

"မင်း ဆရာလုံ နော်ဇာကို မကြောနိုင်ပါဘူး၊ ငတောက်ရာ...."

"အင်း....ဟုတ်တော့ ဟုတ်တယ်၊ ဆရာလုံက နော်ဇာကို မလှန်နိုင်တာတော့ အမှန်ပဲ...."

"ခက်ပါတယ်....ဆရာလုံကလဲ ဒီကောင်မလေးကို တွေ့ တော့မှ ဘယ်လို စိတ်တွေ ဖောက်ပြန် လာတယ် မသိဘူး"

"ငတောက် ကလဲကွာ....ငယ်ငယ် ချောချော လှလှကလေး၊ ယုန်ဖြူကလေးလိုပဲ နုဖပ် နေတာ ဆိုတော့ အမြဲတမ်းလဲ ဘယ်ဝက်သားချည်းပဲ စားချင်ပါ့မလဲကွာ၊ ဆိတ်သား၊ ကြက်သား အပြောင်း အလွဲကလေးလဲ မင်း ဆရာလုံက မြည် းကြည့်ချင်တယ် ထင်ပါရဲ့ အဟင့်....ဟင်း....ဟင်း"

"ဟုတ်တယ်....ဟုတ်တယ်....ဟင်း....ဟင်း"

"ဒီပွဲတော့ ကြည့်ကောင်းမယ်ဟေ့"

"အဟဲ....ဟဲ....ဟဲ....ဟဲ...."

ငမိုက်သားတွေ တဟင်းဟင်း တဟဲဟဲနှင့် သောက်ရင်း စားရင်း သဘောကျနေကြ၏ ။

နိုင်ဦးမော်နှင့် တိုးလွင်တို့မှာ တော့ သူတို့စကားများ ကြောင့် ဒေါသထွက်လာသည်က တစ်မျိုး ၊ ကောင်းကောင်းအတွက် အလွန်အမင်း စိုးရိမ် မိကြသည်က တစ်မျိုး ဖြစ်နေ၏ ။

အစပိုင်းတွင် ငတောက်ဆိုသူနှင့် သူ့အဖော်သည် စားရင်းသောက်ရင်း နိုင်ဦးမော်တို့ နှစ် ယောက် ကို မျက်ခြည်မပြတ် စောင့်ကြည့်ခဲ့ကြသော် လည်း တော် တော် ကလေး အရှိန် ရလာသည့် အခါကြတော့ မူးထွေပြီး အာလေး လျှာလေးတွေ ဖြစ်လာကြသည်။

ထို့နောက်တွင် တော့ ဦးခေါင်းကြီးတွေ ရှေ့သို့ ငိုက်ကျကာ စကား မပြောနိုင်တော့သော အခြေ

အနေသို့ ပင် ဆိုက်ရောက်သွားကြတော့သည်။

နိုင်ဦးမော်သည် ငတောက်တို့ နှစ် ယောက် ၏ အခြေအနေကို လေ့လာသုံးသပ်ပြီးမှ သူ့ ကိုယ်ကို မြေတွင် လိမ့်၍ တိုးလွင်အနီးသို့ ရောက်အောင် ရွေ့သွားလိုက်သည်။

"ဒီကောင်တွေ တော့ အမူးလွန်ပြီး စိုက်နေပြီ"

နိုင်ဦးမော်က တိုးလွင်၏ နားနားသို့ ကပ်၍ ပြောလိုက်သည်။

"အေးကွ ချည်ထားတဲ့ ကြိုး တွေ ကလဲ သိပ်ခိုင်တယ်ကွာ၊ ငါကြိုး စားနေတာ ကြာပြီ"

"မရဘူး တိုးလွင်ရ၊ ငါလဲ ကြိုး စားတာ လက်တွေ နာတာပဲ အဖတ်တင်တယ်"

"ဟူး....ပြဿ နာ ကတော့ မလွယ်ဘူး၊ ဒီကောင်တွေ က ကောင်မလေးကို နိုင်ကွက် ကိုင်ပြီး တို့ကို အသုံးချမှာ "

"ရိုးရိုးနိုင်ကွက်ကိုင်တာဆိုရင် အကြောင်းမဟုတ်ဘူး တိုးလွင်၊ ခုနက ဟိုကောင်တွေ ပြောတဲ့ စကား မင်း ကြားမိလိုက်သလား"

"ကြားတယ် နိုင်ဦး၊ ငါ ကောင်မလေးအတွက် စိတ်မကောင်းပါဘူး"

"ငါတော့ ကောင်းကောင်းလေး ဘ၀ ရေတိမ်နစ်မှာ လက်ပိုက်ကြည့် မနေနိုင်ဘူး"

"ဟော့ကောင် မင်း စိတ်ကို ထိန်း....၊မင်း လက်ပိုက် မကြည့်နိုင်တာ ဘေးချိတ်ထားဦး၊ နောက် ပြန် ကြိုး အတုပ်ခံထားရတဲ့ လက်တွေ ပဲ လွတ်အောင်ကြိုးစားစမ်းပါဦး ကွာ...."

"ငါလဲ လူ တစ်ယောက် ပါပဲ၊ လူသား တစ်ယောက် မှာ ထားအပ်တဲ့ စိတ်ဓာတ် အပြည့်အဝရှိပါ တယ်၊ ဒါပေမယ့် အခြေအနေပေးမလာဘဲ ဘယ်လိုလှုပ်ရှားမလဲ...."

"ခုကိစ္စက ခေါင်းအေးအေးထားပြီး အခွင့်အရေး ကို စောင့်ကြည့်နေရမှာ ...."

နိုင်ဦးမော်သည် တိုးလွင်၏ စကားအဆုံးတွင် ဦးခေါင်းကြီး ငိုက်စိုက်ကျသွားတော့သည်။

အားမတန်လျှင် မာန်လျှော့ရမည် သာ....။

ကောင်းကောင်း အန္တရာယ် ကင်းပါစေ။ ကောင်းကောင်းအပေါ် ဆိုးညစ် ယုတ်မာမှု များ မကျရောက်ပါ စေနှင့် ဟူ၍ သာ နိုင်ဦးမော် ဆုတောင်းနေမိတော့သည်။

*

ဓားပြခေါင်းဆောင် စိုးလှံသည် သူ့နံဘေးတွင် တရှူး ရှူး ဖြင့် အိပ်မောကျနေသော နော်ဇာ၏ မျက်နှာကို စေ့စေ့ကြည့်ပြီး ပြုံး လိုက်သည်။

သူ့အပြုံး တွင် ကောက်ကျစ်စဉ်းလဲမှု အပြည့်ပါနေ၏ ။

သူ့ ရင်ဘတ်ပေါ်တွင် တင်ထားသော နော်ဇာလက်ကို အသာဘေးသို့ ချကြည့်လိုက်သည်။

နော်ဇာသည် အရှိန်မပျက် အိပ်နေဆဲပင်....။

စိုးလှံသည် သူ့ကိုယ်ကို နောဇာကိုယ်ကလေးနှင့် ပူးကပ် ထိတွေ့ နေရာမှ

အသာ ရွှေ့ခွာလိုက် ပြန်သည်။

အခြေအနေတွေ သိပ်ကောင်းနေသည်။

နော်ဇာ တစ်ယောက် တော့ အချစ်ရည် မူးစိမ့်ပြီး နတ်ပြည်ခြောက်ထပ်များ ရောက်နေရော့သ လား မသိ။

စိုးလုံ ဖြိုးဖြိုးကြီးပြုး ကာ ခေါင်းတဆတ်ဆတ်ညိတ်ပြီး တဲပေါ်မှ လျှင်မြန်စွာ ဆင်းခဲ့တော့သည်။

*

ကောင်းကောင်းသည် ကိုယ်တစောင်းကလေး ကြမ်းပြင်ပေါ်တွင် အိပ်ပျော်နေသည်။

ကောင်းကောင်း၏ မျက်နှာကလေးတစ်ခြမ်းက ကြမ်းပြင်နှင့် ထိနေ၏ ။

ပန်းချီကောင်ကြောင်းကလေး ချထားသည်သို့ ကောင်းကောင်း၏ သဏ္ဌာန်က ရှိနေသည်။

မီးခွက်၏ အလင်းရောင် ဖြင့် ကောင်းကောင်း၏ လှပမွတ်စင်နေသော အသွင်ကို ပီပြင်စွာ တွေ့ မြင်နေရသည်။

တိုက်စကပ်ဖြူဖြူကလေး အနည်းငယ် ပင့်တက်နေသဖြင့် ကောင်းကောင်း၏ လှပသော

ခြေတံနှင့် ဒူးဖွေးဖွေးလုံးလုံးကလေးကိုလည်း တွေ့ မြင်နေရပါသည်။

စိုးလုံသည် ကောင်းကောင်းကို ခြေဖျားမှသည် ဦးခေါင်းတိုင်အောင် အနုစိပ်တရွေ့ရွေ့ ကြည့်သွားပြီး တဲပေါ်သို့ တက်လိုက်သည်။

ကျရောက်လာမည့် အန္တရာယ်ကို မသိသာလေသော ကောင်းကောင်းခမျာ မှာ တော့ ပင်ပန်းမှု ကြောင့် မလှုပ်မယှက် ငြိမ်သက်စွာ အိပ်မောကျနေသည်။

ကောင်းကောင်းသည် သူ့ တစ်သက်တွင် အပင်ပန်းဆုံးသော အချိန်ကာလနှင့် အခြေအနေ များ ကို ဖြတ်သန်းခဲ့ရဟန် တူသည်။၏

*

"ဟင်း....ဟွန်....အင်း....အင်း"

"ဟော့ကောင် ဘာ ဖြစ်နေတာလဲ နိုင်ဦး"

"ဟိုကောင်၊ ကောင်းကောင်းရဲ့ တဲပေါ် ရောက်သွားပြီ"

"ဟင်....ဟုတ်လား"

တိုးလွင်လည်း နိုင်ဦးမော်ကဲ့သို့ ချည်နှောင်ထားသော ကြိုး များ ကို လွတ်မြောက်နိုင်ဖို့ ကြိုး စား ရုန်းကန်လိုက်သည်။

အချည်းနှီးသာ....။

ကြိုး စားခဲ့သည်မှာ စတင် ဖမ်းဆီးခံရ ကတည်းက ဖြစ်သည်။

နိုင်ဦးမော်သည် ဒေါသတွေ မချုပ်တီးနိုင်သဖြင့် နောက်ဆုံးတွင် တော့ လူးလိမ့်ရုန်းကန်ရင်းက ရှူးသွပ်သွားသလို အသံကုန် ဟစ်အော် ပစ်လိုက်သည်။

"ခွေးကောင် တဲပေါ်က ခု ဆင်းခဲ့....ခု ဆင်းခဲ့"

မူးရူး အိပ်ပျော်နေကြသူ ဓားပြများ တောလုံးသိမ့်မျှ အော်ဟစ်လိုက်သော နိုင်ဦးမော်၏ အသံ ကြောင့် လှုပ်ရှား လာကြတော့သည်။

အိပ်မောကျနေခဲ့သော နော်ဇာလည်း ဆတ်ခနဲ အိပ်ရာမှ နိုးလာသည်။

သူ့နံဘေးတွင် သူ့ယောကျာ်း စိုးလုံ မရှိတော့ပြီ၊

အခြေအနေကို ချက်ချင်း နော်ဇာ နားလည်လိုက်သည်။

မွှန်ထူသွားသော ဒေါသစိတ်ဖြင့် ဝုန်းခနဲထ,ပြီး ဓားမြောင်တစ်လက် ခါးကြားတွင် ထိုးကာ နော်ဇာသည် ကောင်းကောင်းရှိရာ တဲဆီသို့ တစ်ဟုန်ထိုးပြေးလာခဲ့သည်။

ငတောက်က နိုင်ဦးမော်၏ ပါးစပ်တွင် အဝတ်စုတ်တစ်ခုကို ထိုးသွင်း၍ ဆို့ရင်းက ဒေါသ အားမာန်ဖြင့် ပြေးနေသော နော်ဇာ့ကို ကြည့်နေ၏ ။

အဆီပြန်နေသော စိုးလုံ၏ မျက်နှာကြီးကို ကောင်းကောင်းသည် ဦးခေါင်းကလေးကို ယမ်း၍ ရှောင်ရှားနေ၏ ။

စိုးလုံသည် ကောင်းကောင်း၏ သေးကျဉ်းသော ခါးကလေးကို သူ၏ သန်မာသော လက်များ ဖြင့် ပွေ့ယူထားပြီး ဝင်းအိ ဖွေးနုသော မျက်နှာကလေးကို မွှေးကြူဖို့ ကြိုး စားနေပေသည်။

"ကိုလုံ ...."

နော်ဇာအသံသည် မိုးကြိုး ပစ်လိုက်သည်သို့ ရှိ၏ ။

စိုးလုံသည် ဆတ်ခနဲ ကောင်းကောင်းကို ကြမ်းပေါ် ချပြီး နော်ဇာ ဘက်သို့ လှည့်ကြည့်လိုက်သည်။

နော်ဇာမည် သော နဂါးမလေး၏ မျက်လုံးများ က မီးစင်းစင်း တောက်နေသည်။

"ဒါ....ရှင့်ဥာဏ် အကုန်ပဲလား ဟင်....အကုန်ပဲလား ပြောစမ်း....ပြောစမ်းပါဦး"

နော်ဇာသည် ငလုံ၏ အင်္ကျီကုပ်စကိုဆွဲခါ၍ ယမ်းကာ ဒေါသအိုး ဝက်ဝက်ကွဲပါလေတော့သည်။

"နော်ဇာ....နော်ဇာ ကိုယ်ပြောမယ်....ကိုယ်ပြောမယ်"

"လက်ဆုပ် လက်ကိုင် မိနေတာတောင် ဘာ ပြောချင်သေးလို့လဲ ဟင်၊ ဘာပြောချင်သေး လို့လဲ၊ ရှင် ယုတ်မာတယ်....ရှင် ယုတ်မာတယ်၊ နော်ဇာ့ကို လှည့်စားဦး....လှည့်စားဦး"

နော်ဇာ ဝုန်းဒိုင်း ကြဲနေပါတော့သည်။

တဲပေါ်တွင် ပွဲကြမ်းနေသည်ကို အပြင်က လူများ ငြိမ်သက်စွာ လှမ်းကြည့်နေကြ၏ ။

"သတ်မယ် ဒီကောင်မကို သတ်ပစ်မယ်၊ ဒါမှ ကိစ္စ အေးမှာ "

နော်ဇာသည် သူ့ ခါးက ဓားကို လက်ခနဲ ဆွဲထုတ်ပြီး ကောင်းကောင်းဘက်သို့ လှည့်လိုက်သည်။

"နော်ဇာ...."

စိုးလုံက နော်ဇာ့ လက်ကို ဖမ်းချုပ် ထားလိုက်သည်။

"လွှတ်....လွှတ်နော် နော်ဇာ့ စိတ်ကို ကိုလုံ သိတယ် မဟုတ်လား၊ ဘယ်သူ့ကိုမှ လုပ်မရရင် ကိုယ့်ကိုကိုယ် လုပ်ပစ်လိုက်မှာ "

နော်ဇာ တကယ် စိတ်ကြမ်းလာလျှင် စိုးလုံ ကြောက်ရသည်။

နော်ဇာ့ကို အရှုံး ပေးခဲ့ရသည် ချည်းသား။

"နော်ဇာ ကိုယ် တောင်းပန်ပါတယ်၊ ကိုယ် မှား သွားတယ်၊ နောက်ကို နော်ဇာ မကြိုက်တာ ကိုယ် မလုပ်တော့ပါဘူး....

"သူ့ ကို ဘာမှ မလုပ်ပါနဲ့ပ နော်ဇာရယ်....နော်....နော် ကိုယ် ကတိ ပေးပါတယ်"

တောင်းပန် တိုးလျှိုး ရင် နော်ဇာ့ကိုယ်ကလေးကို စိုးလုံမ တအား ဖက်ထားလိုက်သည်။

နော်ဇာ ကိုယ်လုံးကလေး စိုးလုံ၏ ရင်ခွင်ထဲသို့ ရောက်နေသည်။

ချစ်လင်၏ ရင်ခွင်သည် နော်ဇာ၏ ဟုန်းဟုန်း တောက်နေသော ဒေါသမီးကို ငြိမ်းသတ်နိုင်ခဲ့သည်။

နော်ဇာသည် ရင်ခွင်ကို မက်မောလွန်း၍ မိဘရင်ခွင်ကို ခြေစုံကန်ကာ ခိုဝင်လာခဲ့သည် မဟုတ် ပါလား။

နော်ဇာ မိုက်လုံးကြီးခဲ့မှန်း သိပါသည်။

သိသိကြီးနှင့် ပင် စိုးလုံ၏ အသက်မွေး ဝမ်းကျောင်း မစင်ကြယ်မှန်း သိလျှက်နှင့် သည့်ရင်ခွင် တွင် မက်မက်မောမော မှီခို လဲလျောင်းခဲ့သည်။

လင်က သူခိုး ဖြစ်လျှင် နော်ဇာက ဓားရိုးကမ်းပေးမည့် သူ တစ်ယောက် ။

ဤမျှလောက် စိုးလုံကို ချစ်ခဲ့မိသူ။

ယခု စိုးလုံက မိမိကို ကျူး ပြီး နုနုငယ်ငယ် ကောင်မကလေး အပေါ် ဖောက်ပြန်ချင်သည်ကို နော်ဇာ လက်မခံနိုင်ပါ။

လုံးဝ လက်မခံနိုင်ပါ။

နော်ဇာ့ အသည်းတွေ ကျွဲဝင်ခတ်သလို ဖြစ်နေရပါသည်။

“နော်ဇာ....နော်ဇာရယ်၊ နော်ဇာက ကိုယ့်ရဲ့ တစ်ဦးတည်းသော ချစ်ဇနီးလေးပါ၊ ဖောက်ပြန် လွင့်ပါးသွားတဲ့စိတ် တဂ်ကလေး ဝင်သွားမိတာကို ခွင့်လွှတ်ပါနော်၊ နော်ဇာလာ....လာပါ အချစ်ကလေးရယ်”

နော်ဇာ့ကို ပိုက်ထွေးပြီး ယုယစွာ တွဲ ကာ စိုးလုံကို တဲပေါ်မှ ခေါ်ယူသွားသည်။

နော်ဇာသည် လက်ထဲက ဓားကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလျှက်က ချစ်လင် ခေါ်ဆောင်ရာ နောက်သို့ ဒေါသမပြေသော မျက်ရည်ပေါက်တို့ဖြင့် လိုက်ပါသွားတော့သည်။

“အို....ဘုရားရှင် ကိုယ်တော် မြတ်ကြီးရယ်”

ကောင်းကောင်းသည် ထရံကို ကျောမှီပြီး မျက်လုံးကလေးများ ကို တင်းကျပ်စွာ

မှိတ်ထားလိုက်သည်။

သွေးပျက်လုမတတ် ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များ ကြောင့် ကောင်းကောင်း၏ ကိုယ်ကလေး ဆတ်ဆတ်တုန်ခဲ့မှု မပြေသေးပါ။

ပါးပြင် နှစ် ဘက်ပေါ်တွင် လည်း မျက်ရည်စီးချောင်းကလေးတွေ က စီးဆင်းလျှက်ပဲ....။

ကယ်မည့် သူ ဘယ်မရှိလေသည်မို့ ကောင်းကောင်းငိုရှိုက်ရုံက လွဲ၍ ဘာမျှ မတတ်နိုင်။

ကံကြမ္မာက ကောင်းကောင်းအပေါ် ရိုင်းလွန်းလှပါသည်။

*

"ဟူး.... တော် သေးတာပေ့ါ"

နိုင်ဦးမော် ရင်အေးသွားသည်။

"နော်ဇာသာ ရှိမနေရင် ကောင်းကောင်း အတွက် ငါမတွေ းဝံ့ဘူး နိုင်ဦး"

နိုင်ဦး၏ နားနားသို့ ကပ်၍ တိုးလွင်က ပြောလိုက်သည်။

နိုင်ဦးသည် အချိမဆုံ ပါးစပ်တွင် အဝတ်ဆို့ထားခြင်းခံနေရသော် လည်း ကောင်းကောင်း ဘေးမသိ ရန်မခ ဖြစ်သွားသော ကြောင့် ကျေနပ်အားရနေဟန် ရှိ၏ ။

နိုင်ဦး မျက်နှာကြီး ကြည်လင်နေသည်။

"နိုင်ဦး မင်းလဲ ဒုက္ခပဲ၊ ဒီလိုကြီး ဘယ်လောက် ကြာကြာ နေရမယ် မသိဘူး၊ မင်း စိတ်ကို လျှော့ ထားစမ်းပါကွာ၊ အခြေအန မပေးရင် အကျိုး ယုတ်ဖို့ချည်းတောင် ထပ် ဖြစ်လာလိမ့်မယ်"

နိုင်ဦး ပြောလိုက်ချင်ပါသည်။

ရင်ထဲ အသည်းထဲတွင် ယားနေ၏ ။

သူ အော်လိုက်၍ သာ နော်ဇာ သိသွားခြင်း ဖြစ်သည် မဟုတ်ပါလား။

နော်ဇာသာ အချိန်မီ ရောက်မသွားလျှင် ကောင်းကောင်း တစ်ယောက် ရေတိမ်နစ်ရတော့မည် မှာ ဧကန်။

*

စိုးလုံသည် ဇနီးသည်ကလေးကို ချော့မြှုနှစ် သိမ့်ကာနေ၏ ။

တကယ်တမ်း နော်ဇာက နင်လား၊ ငါလား လုပ်မည် ဆိုလျှင် စိုးလုံသည် နော်ဇာကို ကြောက်၍ အရှုံးပေးတတ်၏ ။

နော်ဇာ ကြမ်းလာလျှင် စိုးလုံ အလျှော့ပေးရသည် ချည်းသာ။

နော်ဇာကို သူ သိပ်ချစ်လွန်း၍ လဲ မရ,ရအောင် ယူခဲ့သည်။

နော်ဇာသည် သူ့အတွက် ဇနီး၊ မယားကောင်း တစ်ယောက် ။

နနကြမ်းကြမ်း ဘယ်လမ်းကိုမဆို၊ လက်တွဲ မဖြုတ်စတမ်း သွားတတ်တဲ့ သူ။

ဤမျှ ဘက်စုံအောင် ကောင်းသော ဇနီးကို အဘယ်မှာ လျှင် စိုးလုံ ပစ်ပယ်နိုင်မည် နည်း။

အနအလှကလေး တွေ ့လျှင် ယိုင်ချင်သော ဖိုသတ္တဝါ၏ ဗီဇကလေးကို မပျောက်ပျက်နိုင်ပေ မယ့် နော်ဇာနှင့် တော့ ပဋိပက္ခ မ ဖြစ်ချင်ပါ။

ထို့ကြောင့် လည်း နော်ဇာအား ကျေရာကျေကြောင်းကို စိုးလုံ တစ်ယောက် ဒူးထောက်မတတ် တောင်းပန်မြှုချိုနေရပေ၏ ။

*

"ငါ မပြောဘူးလားကွ ငတောက်၊ မလွယ်ပါဘူးလို့ အဟင်း....ဟင်း....ဟင်း"

"ဟုတ်တယ်....ဟုတ်တယ်၊ ခုလောက်ရှိရင် ငါ့ဆရာတော့ သူ့မယားဒူးကို ဖက်တောင်းပန်နေရ လောက်ပြီး အဟင်း....ဟင်း....ဟင်း"

ဓားပြနစ် ယောက် ဆရာ ဖြစ်သူ၏ တဲဆီသို့ ကြည့်ကာ တဟင်း....ဟင်း သဘောကျမဆုံး ဖြစ်နေသည်။

"ဒီဇာတ်လမ်းက ပြီးဦးမှာ မဟုတ်သေးဘူးကွ"

"ဟုတ်တယ်....ဆရာလုံကလဲ ဒီကောင်မလေးကျမှ ဘယ်လို ဖြစ်သွားတယ် မသိဘူး"

"အင်း....ကောင်းမလေး နော်ဇာ့ လက်ချက်နဲ့ မသေရင် ကံကောင်းလို့ပဲ မှတ်"

"နီးစပ်တယ်....နော်ဇာ ကတော့ လင်မထိနဲ့ ဓားကြည့်ဆိုတဲ့အထဲကကွ အဟား....ဟား....ဟား"

"ဒီမှာ ....ဒီမှာ "

"ဘာလဲကွ"

ငတောက်က တိုးလွင်၏ မျက်နှာကိုကြည့်ကာ မာဆတ်ဆတ် မေးလိုက်သည်။

"ကျုပ် သူငယ်ချင်းပါးစပ်က အဝတ်တွေ ကို ထုတ်ပေးစမ်းပါ"

"မ ဖြစ်ဘူးကွ မင်းကောင်အရူးလို ထ,အော်လို့ ပြဿ ဂနာ တက်သွားတာ နားလည်လား"

"လည်ပါတယ် နောက်မအော်အောင် ကျုပ်ထိန်းမယ်ဗျာ၊ ကျုပ်တို့လဲ ခင်ဗျားတို့

လက်က မလွတ်နိုင်ပါဘူး”

“ဟုတ်ပါတယ် ငတောက်ရာ၊ အဝတ်ထုတ် ပေးလိုက် ပါ”

“ဒါပဲနော် နောက်ထပ် အူကြောင်ကြောင်လုပ်လာရင်တော့ ဘာမှ ပြောမနေဘူ လည်ပင်းအ ပြတ်ပဲမှတ်”

“ကျုပ် တာဝန်ယူတယ်ဗျာ၊ ထုတ်မှာ သာ ထုတ်ပေးလိုက် ”

ငတောက်သည် ဆတ်ခနဲ ထ,ပြီး နိုင်ဦးမော်၏ ပါးစပ်ထဲမှ လက်နှီးစုတ် အဝတ် စ,ကို ဆွဲထုတ် ပစ်လိုက်သည်။

“ထွီ....နံ့ဟောင် နေတာပဲ”

နိုင်ဦး၏ မျက်နှာကြီး ရှုံ့မဲ့နေ၏ ။

“ဩော်....မင်းကို အော်ဒီကလုံး ရေမွှေး ဆွတ်ထားတဲ့ အဝတ်နဲ့များ ဆို့ပေး ရဦးမှာ လားကွ”

လူဆိုး၏ စကားက နိုင်ဦးမော်၏ ဒေါသကို ဆွပေးသည်ကဲ့သို့ ရှိ၏ ။

ဒေါသထွက်၍ တစ်စုံတစ်ခုပြောရန် ကြံရွယ်လိုက်သော နိုင်ဦး၏ ပခုံးကို တိုးလွင်က တိုက်ပစ်လိုက်သည်။

နိုင်ဦး ကိုယ်ကြီး တစ်ဘက်သို့ ယိုင်၍ ကျသွား၏ ။

ငတောက်က သဘောကျပြီး တဟင်းဟင်း ရယ်သွမ်းသွေးလိုက်သည်။

“ဟေ့....ဟေ့ ကြည့်သွားပြီ ထင်တယ်၊ ဆရာနဲ့ ဆရာကတော် တဲပေါ်က နစ် ပါးစုံ ဆင်းလာ နေပြီ”

နော်ဇာ၏ ခါးကလေးကို လက်တစ်ဘက်က ဖက်ကာ လှေသည် နိုင်ဦးမော်တို့ ရှိရာ သစ်ပင်ကြီး အောက်ဆီသို့ လျှောက်လာသည်။

“ငတောက် သူတို့ နှစ် ယောက် ရဲ့ လက်က ကြိုး တွေ ကို ဖြေပေးလိုက်ပါ၊

ခြေက ကြိုး ကိုတော့ မဖြေနဲ့”

“ဟုတ်ကဲ့ ဆရာလုံ”

“ပြီးတော့ ဘာစားစရာ ရှိလဲ၊ ကျွေးထားလိုက်”

“ရှိပါတယ် ဆရာ”

“အေး....မိုးလင်းခါနီး ပြီ၊ မင်းတို့ နှစ် ယောက် နားပြီး ဟို အိပ်နေတဲ့ ကောင်တွေ ထဲက တစ်ယောက် ယောက် ကို အစောင့် ထားလိုက်”

“ဟုတ်ကဲ့ ဆရာလုံ”

“ဘိုကောင်ကို စောင့်ခိုင်း ကြားလား ငတောက်”

ဝင်ပြောလိုက်သော နော်ဇာ့ မျက်နှာကို ကြည့်ပြီး ငတောက်က သူ့ အဖော်၏ မျက်နှာကို ကွက်ခနဲ ကြည့်လိုက်သည်။

“သွားလေ၊ ဘိုကောင်ကို သွားနှိုး၊ ဘာကြည့်တာလဲ”

နော်ဇာက မျက်နှာ မှု န်မှု န်ကြီးဖြင့် ငတောက်ကို ဟောက်ပစ်လိုက်သည်။

“ဟုတ်....ဟုတ်ကဲ့”

ငတောက်သည် ဘိုတောင် ဇိမ်ယစ်နေသော နေရာဆီသို့ အပြေးကလေး ထွက်ခွာ သွားတော့ သည်။

“ကဲ ကိုလုံလဲ သွားနားချည်တော့၊ တစ်ညလုံး နားနားနေနေ နေရသေးတယ်ကို မရှိဘူး”

ခင်ပွန်းသည်ဘက်သို့ လှည့်၍ နော်ဇာက ပြောလိုက်သည်။

“နော်ဇာ ကော”

“နော်ဇာ အားလုံးအတွက် စားဖို့ သောက်ဖို့တွေ စီစဉ်ပြီးရင် လာခဲ့မယ်၊ သွားနှင့်

နော်”

စိုးလုံသည် စိတ်ထဲက ကျေနပ်မှု သိပ် မရှိလှသော် လည်း တဲဆီသို့ ပြန်လည် ထွက်ခွာသွား တော့သည်။

“ကိုပိန် ထင်းနည်းနေတယ်၊ ထင်း ရှာဦး”

“ဟုတ်ကဲ့ နော်ဇာ”

ကိုပိန် ဆိုသူလည်း နေရာမှ ထ,သွားသည်။

သူ့ အနားတွင် တစ်ယောက် မှ မရှိတော့မှ နော်ဇာက နိုင်ဦးမော်တို့ဘက်သို့ လှည့်ကြည့်လိုက်သည်။

“ဟို တဲထဲက ကောင်မလေးနဲ့ ဘာတော် သလဲ”

“ကျုပ် နှမ”

နိုင်ဦးမော်က လျှင်မြန်စွာ ဖြေလိုက်သည်။

“ဒီ ကောင်မလေးက နော်ဇာ့ အတွက် အွန္တရာယ်ပဲ”

နော်ဇာက မျက်နှာ မှု န်မှု န်ကြီးဖြင့် ပြောလိုက်သည်။

“ရှင်တို့တွေ ဆီက အတိုက်အခိုက် ပညာသင်ပြီးတာနဲ့ ရှင်တို့ကို ကိုလုံက သတ်ပစ်မှာ ၊ ရှင်တို့ က သေလူတွေ ရှင့်၊ သေလူတွေ နားလည်လား”

”ကျုပ်တို့လဲ အစကတည်းက ဒီကိန်းပဲ ဆိုက်မယ်ဆိုတာ တွက်ပြီးသားပဲ၊ ဘာထူးမှာ မို့ လာ ပြော နေတာလဲဗျ”

တိုးလွင်က ဘုတောလိုက်သည်။

“အဟင်း....ဟင်း ရှင်ကလဲ ဒေါသ ကြီးတတ်တယ်နော်၊ ဒီနေရာမှာ နော်ဇာနဲ့ တူတယ်”

"တော် စမ်းပါဗျာ၊ ခင်ဗျားလို ကျားရဲမ တစ်ကောင်းနဲ့ မတူချင်ပါဘူး"

"နော်ဇာက ကျားရဲမနဲ့ တူတယ်ဟုတ်လား၊ အဟင်း...ဟင်း သိပ်သဘော ကျသွားပြီ ရှင်.... တကယ်ပါ"

"ဒီမှာ ခင်ဗျား မိန်းမသား တစ်ယောက် ပဲ၊ မိန်းမစိတ် နည်းနည်း ကလေးမှ မရှိဘူးလားဟင်၊ မထားနိုင်ဘူးလား...."

"ကျုပ်နှမလေးကို နည်းနည်း တော့ ညာတာဖို့ကောင်းတယ်...."

နိုင်ဦးမော်က ဝင်ပြောလိုက်သည်။

"မမနော်ဇာ၊ ကျွန်တော့် ကို ခေါ်တယ်ဆို...."

"ဟုတ်တယ် ဘိုတောင်...."

နော်ဇာက သူ့ထက်ငယ်ပုံရသော ဘိုတောင်ကို လှည့်ကြည့်လိုက်သည်။

"နင့်ကို တာဝန် ပေးမလို့၊ ဒီနှစ် ယောက် ကို မင်း ကြည့်ထားလိုက်...."

"ဟုတ်ကဲ့...."

"လာဦး၊ ပြောစရာ ရှိသေးတယ်...."

နိုင်ဦးမော် တို့နှင့် အနီးငယ် ဝေးသော နေရာသို့ ခေါ်ဆောင်သွားပြီး နော်ဇာသည် သူတို့ဘက်သို့ ကွက်ကြည့် ကွက်ကြည့်နှင့် ဘိုတောင်ကို ပါးစပ်က တတွတ်တွက် ပြောနေသည်။

ဘာတွေ များ မှာ ကြားနေသည် မသိ....။

ထို့နောက်တွင် တော့ နော်ဇာ ကောင်းကောင်းရှိနေသော တဲဆီသို့ ထွက်ခွာသွားသည်။

*